မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၇၃)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့် ၊ ၃၀–၅–၂၀၂၆၊ စနေနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

"လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့"

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရေးသီတင်းပတ်
(၂၅–၅–၂၀၂၆ ရက်နေ့မှ ၃၁–၅–၂၀၂၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဦးညိုစော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် အပါး ၁၀၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။



ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေးအမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ရေဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ် မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ

စာမျက်နှာ ၃ သို့ ❂

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၉




စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၉

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

လာမည့် ၈နေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ မေ ၂၀ ရက် ၊ စနေနေ့။

မန္တလေး နေ့စဉ်

# နယုန်လပြည့် မဟာသမယနေ့

နယုန်လသည် မိုးဦးကျစကာလဖြစ်ပြီး ကောင်းကင်တစ်ခွင်တွင် တိမ်ညို၊ တိမ်ပြာအစရှိသည့် တိမ်မျိုးစုံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ပုလဲဖြူလွှ မိုးစက်များကျလာကာ သစ်ပင်များတွင် ရွက်စိမ်းဝတ်ရုံ ခြုံနေသည်။ ပန်းမန်များ ဝါပြာဖြူနီ ဖူးပွင့်စည်လျက် နယုန်လ၏ သဘာဝဝန်းကျင်မှာ လန်းဆန်းအေးမြနေသည်။ နယုန်လသည် ဂိမှာနခေါ် နွေဥတုလေးလ၏ နောက်ဆုံးလဖြစ်ပြီး မိုးကြိုကာလလည်း ဖြစ်သည့်အလျောက် မိုးရွာသည့်အခါများလည်းရှိသည်။ သို့ရာတွင် နယုန်မိုးသေး၊ မြက်သားမွေးဆိုသည့် စကားအတိုင်း နယုန်လမှာ ရွာသည့်မိုးက မြက်ပင်ကလေးများ ပေါက်ရုံ၊ စိမ်းစိမ်းစိုစို မြက်သား မွေးရုံမျှရွာသည့် မိုးသေး၊ မိုးဖွဲမျှသာ ပူပြင်းခြောက်သွေ့သည့်နေ့ရက်များကို ဖြတ်သန်းခဲ့ရပြီး ညိုးရော်နေသည့် လောကဓာတ်တစ်ခုလုံးက မိုးကို မျှော်လင့်ကြသည့် အားလျော်စွာ နွေအပူကို အဆုံးသတ်စေသည့် နယုန်မိုးသေးသည်ပင် လောက၏အလိုဆန္ဒကို ပြည့်ဝစေသည့်မိုးဖြစ်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီ လစဉ်လတိုင်း၏ လပြည့်နေ့အခါသမယတွင် ထူးမြတ်သည့် ဗုဒ္ဓဓမ္မနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ နေ့ထူးနေ့မြတ်တစ်မျိုးစီရှိကြသည်။ နယုန်လပြည့်(မဟာသမယနေ့)ဟူ၍အထင်အရှားရှိသည်။ ဗုဒ္ဓဘုရားရှင် သတ္တတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တောဌ် သီတင်းသုံးတော်မူစဉ် နယုန်လအခါ မိုးမရွာ၍ ကောက်ပင်တို့ ရေငတ်ကာ ညိုးရော်ခြောက်သွေ့ကြကုန်သည်။ ထိုအခါ စိုက်ပျိုးရေအတွက် လိုအပ်သော ရောဟိနီမြစ်မှ ရေကို ရယူသုံးစွဲမှုကိုအကြောင်းပြု၍ မြစ်တစ်ဖက်တစ်ချက်မှ ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားများတို့ အချင်းများကာ နှစ်ပြည်ထောင်မင်းတို့ အဆင်မပြေသည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ မြစ်ရေကို အကြောင်းပြု၍ အချင်းများကာ သေကျေပျက်စီးကြရမည့်အဖြစ်သို့ မကျရောက်စေရန်အတွက် ဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူလာသောအခါ ဘုရားရှင်ကို ဖူးမြင်ကြရသည့်အခါ နှစ်ဖက်စလုံး လက်နက်တို့ကို စွန့်လွှတ်၍ မြတ်ဘုရားကိုသာ ကြည်ညိုမြတ်နိုးစွာ ဖူးမြော်ကြကုန်သည်။ ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်မှမင်းတို့သည်လည်း မြတ်စွာဘုရား၏ ကျေးဇူးတော်ကြောင့် သေကြမည့်ဘေးတို့မှ လွတ်ကင်းကြရသည်ဟု ဆိုကာ တစ်ဖက်လျှင် ၂၅၀ စီသော မင်းသားတို့ကို ဗုဒ္ဓဘုရားရှင်ထံ အပ်နှံကြရာ ထိုမင်းသား ၅၀၀ တို့ကို ရဟန်းပြုလျက် မဟာဝုန်တောသို့ ပြန်ကြွတော်မူသည်။ မင်းသားဘဝမှလာသော ရဟန်း ၅၀၀ တို့မှာ ရဟန်းအဖြစ်၌ မမွေ့လျော်နိုင်ကြသောအခါ ဟိမဝန္တာ၊ ကုဏာလအိုင်သို့ခေါ်ဆောင်၍ ကုဏာလဇာတ်ကို ဟောတော်မူသောအခါ အားလုံးသောတာပန်ဖြစ်ကြသည်။ ထို့နောက် မဟာဝုန်တောသို့ ပြန်ကြွတော်မူပြီး ကမ္မဋ္ဌာန်းတရားကို ပွားများစေသောအခါ အားလုံး ရဟန္တာချည်း ဖြစ်ကြကုန်သည်။

ကိလေသာမှ စင်ကြယ်ကုန်ပြီးသော ရဟန္တာ ၅၀၀ ခြံရံလျက် မဟာဝုန်တော၌ တင့်တယ်စွာ စံပယ်တော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြည်ညိုရန်အတွက် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ မဟာဝုန်တောသို့ နယုန်လပြည့်နေ့တွင် စုရုံးရောက်ရှိလာကြရာ မြတ်စွာဘုရားက နတ်ဗြဟ္မာများအား အမျိုးအနွယ်အလိုက် ရည်ညွှန်း၍ အမြိုက်တရားကို ဟောကြားတော်မူခဲ့ခြင်းကြောင့် ဤနေ့သည် သာသနာ့သမိုင်းတွင် ထူးခြားသည့် မဟာသမယနေ့ပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ Polytechnic University(ကျိုင်းတုံ) ပါမောက္ခချုပ် ဒေါက်တာ သင်းသုနိုင် ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **"၂၀၂၄ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်"** ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတမ်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်သားမြို့နယ်၌ သပြေပင်စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ

**မြစ်သား မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ငါးဆူကျေးရွာအုပ်စုကွင်း၌ မိသားစုအပိုဝင်ငွေရရှိရေးအတွက် မြေယာပိုင်ဆိုင်သူ အချို့သည် တစ်နိုင်တစ်ပိုင် သီးပင်စားပင်များနှင့် ပန်းမျိုးစုံ စိုက်ပျိုးရောင်းချခြင်းများဆောင်ရွက်လျက်ရှိရာ ရွှေကြာအင်းကျေးရွာမှ ဦးဝင်းမြင့် စိုက်ပျိုးထားသော သပြေပင်များ အောင်မြင်ဖြစ်ထွန်း လျက်ရှိပြီး သပြေပန်းစိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သပြေပန်းပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး မိုးကျသည်နှင့်အစေ့ချစိုက်ပျိုးရ၍ တစ်ဧကလျှင်မျိုးစေ့ ပြည် ၈၀ ကုန်ကျပြီး ပေါင်ဖြင့် ရေသွင်းစိုက်ပျိုးကာ အနံ ၁၂ ပင်တန်းစိုက်ပျိုးပြီး အလျားတစ်တန်းနှင့်တစ်တန်း အကြား ၆ လက်မအကွာစိုက်ပျိုးကြသည်။ သပြေပန်းပင်သည် တစ်ကြိမ်စိုက်ပျိုးထားပါက စိုက်ပျိုးပြီး တစ်နှစ်သားအရွယ်တွင် ကိုင်းအညွှန့်များအား စတင်ဖြတ်တောက်ရောင်းချနိုင်ကြောင်း၊ သပြေပန်းသည် မြန်မာလူမျိုးတို့၏ အောင်အတိတ်အောင်နမိတ်၊ အောင်ပန်းဖြစ်သည့်အတွက် ဘုရားပွဲ၊ နတ်ပွဲနှင့် ဘုရားပန်းကပ်လှူရာ၌ မပါမရှိပန်းတစ်မျိုးဖြစ်သောကြောင့် ကုန်သည်များသည် စိုက်ခင်းအထိလာရောက်ဝယ်ယူကြပြီး အခြားမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် ငါးဆူကျေးရွာအုပ်စု၊ ရွှေကြာအင်းကျေးရွာနေ ဦးဝင်းမြင့်၏ သပြေပင်စိုက်ပျိုးမှုများ ဖြစ်ထွန်း အောင်မြင်၍ အရောင်းတွင်ကျယ်ခဲ့ပြီး မိသားစုစားဝတ်နေရေးအပြင် အပိုဝင်ငွေများ ရရှိခဲ့သည့် အတွက် နောင်နှစ်များတွင်လည်း စိုက်ဧကတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မြို့နယ်စာရေးဆရာအသင်းနှင့်အတူ စာပေဝိုင်း ကျင်းပ

**မန္တလေး မေ ၂၉**

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော စာပေဝိုင်းအခမ်းအနားကို အဆိုပါ ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Center) အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



ဦးစွာ ချမ်းအေးသာစံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းမှ ဆရာမန်းမြေမှပန်းသပြေက "ကဗျာများ၏ အကြောင်းအရာများ"၊ ဆရာစိုးဝင်းက "ပြည့်စုံကြွယ်ဝလိုတရ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာ စိုင်းအောင်မိန်း (မိုတိုင်း)က "Ai ၏ နောင်းတန်းခူးအမှားနှင့် ကျွန်တော်၏ သာသနာတော်နှစ်အမှား" စသည့် အကြောင်းအရာများအား ပြောကြားခဲ့သည်။

ဆက်လက်ပြီး စာပေဝိုင်း အခမ်းအနားသို့ တက်ရောက်လာသည့် စာရေးဆရာ၊ ဆရာမများ၊ စာပေဝါသနာရှင်များက စာရေးဆရာများ ပြောကြားခဲ့သော အကြောင်းအရာများအပေါ် သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြို့နယ်စာရေးဆရာ အသင်း ဘဏ္ဍာရေးမှူး ဆရာမ နုနုကြည် (အမေ့အိမ်)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်းစံ/ပြန်ဆက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာ

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနဓဇအာဇာနည် အရှင်မြတ်များနှင့်တကွ ချီးကျူးပူဇော်ပွဲသို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့အား အသက်ထက်ဆုံး အောက်မေ့ဖွယ် အမှတ်ရဖွယ်ဖြစ်သော သာရဏီယဩဝါဒကထာ မြွက်ကြားလိုသည်မှာ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည်-

**"ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇန ဟိတာယ ဗဟုဇနသုခါယ လောကာ နုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ"**အစရှိသည်ဖြင့် အင်္ဂုတ္တိုရ်ပဌမတွဲ၊ ဧကပုဂ္ဂလဝဂ်၊ စာမျက်နှာ(၂၁)၌ မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ လောက၌ တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ၊ လူအများချမ်းသာခြင်းငှာ လောကကို အစဉ်သနားစောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့၏ အကျိုးများရန် အစီးအပွားများရန် ချမ်းသာဖို့ရန်အလို့ငှာ ဖြစ်တော်မူ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကလူသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ၊ ဆင်းရဲကြောင်း အလုပ်များကို လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း ဆင်းရဲကြောင်း အလုပ်များပဲဟု မသိမမြင်ကြပေ၊ ကုသိုလ် အကုသိုလ်ဟူ၍လည်း မကွဲပြားမသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟ အမှောင်ဖုံးနေသော အမိုက်တိုက်လောကကြီး ဖြစ်ပါသည်။ အဝိဇ္ဇာ အမှောင်ထုကြီး ဖုံးလွှမ်းနေသောလောကကြီးထဲတွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသဖြင့်သာ ဤတရားက အပြစ်မရှိ ချမ်းသာသောအကျိုးတရားကိုပေးခြင်း လက္ခဏာရှိသော ကုသိုလ်တရားပဲ၊ ဤတရားက အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသော အကျိုးကိုပေးခြင်း လက္ခဏာရှိသော အကုသိုလ်တရားပဲ၊ ဤတရားက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန်တရားပဲ စသည်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသော တရား **"ဒုက္ခသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲကြောင်း အမှန်တရား **"သမုဒယသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရား **"နိရောဓသစ္စာ"**ပဲ၊ ဤသဘောတရားသည် ဆင်းရဲချုပ်ရာ ချမ်းသာသို့ ဆိုက်ရောက်စေနိုင်သော အမှန်တရား **"မဂ္ဂသစ္စာ"**ပဲ စသည်ဖြင့် သစ္စာလေးပါးတရားတော်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါတယ်။ ဤသစ္စာလေးပါးတရားတော်တို့ကို ဟောကြားတော်မူလိုက်သောအခါ အချို့သော ဝေနေယျသတ္တဝါများ အဝိဇ္ဇာအမှောင် လုံးဝ



ကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်းရရှိသွားကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်ပေါက်တော်မူလာခြင်းဟာ နေမင်းကြီး လမင်းကြီး ထွက်ပေါ်လာသကဲ့သို့ ဖြစ်ပြီး ကြာမြင့်စွာသော ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါအများ စီးပွားချမ်းသာဖို့ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များကို ရတနာခြင်းတောင်းသုံးမျိုးထဲသို့ သဘောတူရာ စုပေါင်းထည့်လိုက်လျှင် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကဟူ၍ ပိဋကသုံးပုံဖြစ်လာပါတယ်။ သုံးပုံပိဋက တရားဒေသနာတော်မြတ်များကို သင်ကြားပို့ချပေးခြင်း၊ သင်ယူမှတ်သားခြင်းတို့ကို ပရိယတ္တိဟုခေါ်ပါတယ်။ ပရိယတ္တိတရားတော်များသည် ရှောင်ကြဉ်ဖို့၊ ကျင့်ကြံဖို့၊ နှလုံးသွင်းသိရှိဖို့ကို ညွှန်ကြားတော်မူပါတယ်။ ထိုပရိယတ္တိ တရားဒေသနာတော်များက ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများအားထုတ်ခြင်းကို ပဋိပတ္တိလို့ခေါ်ပါတယ်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသော အသိထူးများရရှိခြင်းကို ပဋိဝေဓလို့ ခေါ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသည် အခြေခံမူလ ပဓာနကျပါတယ်။ သစ်ပင်ကြီးတစ်ပင်မှာ ရေသောက်မြစ်ရှိမှသာ ပင်စည်၊ အကိုင်းအခက်တွေ ကြာရှည်စွာ တည်တံ့နေမှာ ဖြစ်ပါတယ်။ ရေသောက်မြစ်မရှိလျှင် ကြာရှည်စွာ တည်တံ့မနေနိုင်ပေ။ အပွင့်၊ အသီးများလည်း ဖူးပွင့်ဝေဆာ မဖူးနိုင်၊ မပွင့်နိုင်၊ မသီးနိုင်ကြသကဲ့သို့ ထိုနည်းတူစွာပင် သာသနာတော်သုံးရပ်၌လည်း ပရိယတ္တိမှ မရှိလျှင် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတို့သည်လည်း မတည်ရှိနိုင်တော့ပေ။

ရေကန်ကြီးဥပမာနှင့် ပြောရလျှင် ရေကန်ကြီးမှာ ကန်ပေါင်ကန်ရိုးသာမရှိလျှင် ရေကန်ထဲ၌ ရေတွေ၊ ကြာပင်တွေ ကြာရှည်စွာ မတည်နိုင်ပေ၊ ရေမရှိလျှင်လည်း ကြာပင်များ မပေါက်ရောက်နိုင်ပေ။

ထိုဥပမာအတိုင်းပင် ပရိယတ္တိသည် ကန်ပေါင်ကန်ရိုးနှင့် တူပါသည်။ ပဋိပတ္တိသည် ရေနှင့် တူပါသည်။ ပဋိဝေဓသည် ကြာပင်၊ ကြာပွင့်များနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဟူသောရေကြည် ရေအေး၊ ပဋိဝေဓ ဟူသော ကြာပင် ကြာပွင့်များနှင့် လှပတင့်တယ်စွာ ရှိဖို့ဆိုသည်မှာ ပရိယတ္တိဟူသော ကန်ပေါင်ကန်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ ရှိဖို့လိုအပ်ပါတယ်။ ကန်ပေါင်ကန်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာလည်းမရှိလျှင် ခြောက်သွေ့နေသည့် ကန်ကြီးသည် တင့်တယ်မှုမရှိသဖြင့် မည်သူမည်ဝါမျှ စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မသောက်ရ မချိုးရသဖြင့် ဘာမျှအကျိုးမရှိတော့ပါ။ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာ ရှိမည်ဆိုပါကလည်း ပဋိပတ္တိ ဟူသော သာသနာ့အရသာဖြစ်သည့် ရေကြည် ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဟူသော ကြာဖူး၊ ကြာပန်းများလည်း မပွင့်နိုင်သဖြင့် သာသနာတော်ကြီးသည် တင့်တယ်လှပမည် မဟုတ်ပါ။

ဒါကြောင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူခဲ့ကြပြီး အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား ရေတွေတည်တံ့ဖို့ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြိုးစားအားထုတ်တော်မူကြခြင်းဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ရေကန်ကြီးထဲမှာ ရေတွေရှိအောင် ကြာပင်၊ ကြာပန်းများနှင့် လှပတင့်တယ်မှုရှိအောင် ဆက်လက်၍ ကြိုးစားအားထုတ်ကြဖို့လည်း သတိပေးစကား ပြောကြားလိုပါတယ်။

သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့နေကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့က ဥယျာဉ်မှူးနှင့် တူပါတယ်။ ဥယျာဉ်မှူးသည် သစ်ပင်များကို ရေမလောင်း ပေါင်းမသင်ဘဲ ထားလျှင် သစ်ပင်များဟာ ညှိုးနွမ်းခြောက်သွေ့ပြီး ရေတွေများစွာလောင်းပြန်လျှင်လည်း စိမ့်ဖမ်းပြီး သစ်ပင်သည် သေသွားနိုင်ပါတယ်။ ထိုနည်းတူစွာပင် သာသနာတော်ကို စောင့်ရှောက်ထောက်ပံ့ရာမှာ ရေပြတ်နေသည့် သစ်ပင်များလိုလည်း မဖြစ်ရအောင်၊ ရေတွေများပြီး စိမ့်ဖမ်းလို့ သေသွားသည့်သစ်ပင်များလိုလည်း မဖြစ်ကြရလေအောင် ပြုစုစောင့်ရှောက်ထောက်ပံ့ပါက သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ကာ ဆရာဒကာနှစ်ဖြာစလုံး ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြောင်း၊ ဆိုက်ရောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပတ္ထနာပြုရင်း သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့........။

---

○ ရွှေဖုံးမှ

ရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကအကူ ဆရာတော်များနှင့် ကြီးကြပ်ရေး ဆရာတော်များ၊ (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံသဘော ရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးထိန်လင်း၊ ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ရေဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဂန္ဓမာတို့အား ဒုတိယသမ္မတ ဦးညိုစောက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် နှစ်ပါး၊ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် သုံးပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် တစ်ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ခုနစ်ပါး၊ ဝိနယဓရဘွဲ့တံဆိပ်တော်ရ သာသနာ့ အာဇာနည်အရှင်မြတ် ၂၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ် ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့ တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ် ၄၆ ပါးတို့အား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မဝါသေဋ္ဌာဘိဝံသထံမှ ဒုတိယသမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဓမ္မပူဇာအဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြပြီး လိုဏ်ဂူတော်ပရိဝုဏ်အတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက် ပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ဗုဒ္ဓသာသနာတော်၌ ဘုန်းကံပါရမီ အထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေးနှင့် သာသနာတော်၌ ဓမ္မစေတီ ထိုက်သော ပိဋကသုံးပုံနှုတ်ငုံဆောင် ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ပူဇော်ရေးတို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ စာမေးပွဲကြီး စတင်ကျင်းပသည့်(၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ်များ ထူးခြားစွာပေါ်ထွန်းခဲ့ရာ ယခု (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ပေါ်ထွန်းလာသည့် အရှင်ဝိစိတ္တသာရ အရှင်သူမြတ်မှာ ၁၈ ပါးမြောက်သာသနာ့အာဇာနည် ဖြစ်ကြောင်းနှင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်များ ဆက်လက် ပေါ်ထွန်းလာဦးမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့် တွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်တို့နှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် မေ ၂၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား)များအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ပုလဲခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရေး ဥပဒေပြဋ္ဌာန်းရာ၌ အထောက်အကူဖြစ်စေရန်နှင့် ထိရောက်စေရန်အတွက် ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရှိ ဥပဒေပညာရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပညာရှင်များနှင့် တွေ့ဆုံပြီး ဥပဒေစကားဝိုင်းပြုလုပ်ရန် အမြဲစဉ်းစားခဲ့ပါကြောင်း၊ ဥပဒေပညာရှင်များအနေဖြင့် တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီး ခေတ်နှင့် မလျော်ညီတော့သည့် ဥပဒေများကိုပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ခေတ်နှင့်အညီ အသစ်ပြဋ္ဌာန်းသင့်သည့်ဥပဒေများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ဥပဒေ၏အကာအကွယ်အောက်တွင်ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် မိမိတို့အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးများတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဖြစ်ပါကြောင်း၊ လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့်ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပညာရှင်များအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်(အငြိမ်းစား)များက ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး သင်တန်းခန်းမ၌ ပြုလုပ်သည့် စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး




နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs–MARA)က ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၂၇ ရက်မှ ၂၈ ရက်အထိ Beijing International Convention Center တွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (GPPAD Forum)သို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong နှင့် ပါတီအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဝန်ကြီး H.E .Mr. ZHANG Zhu၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ လိုက်ဘေးရီးယား၊ မွန်ဂိုလီးယား၊ မိုဇမ်ဘစ်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ဥဇဘက်ကစ္စတန်၊ အိုင်ဗရီကို့စ်တို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေး ဗဟိုဌာန(IPRCC)မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်း ကိုးခုမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံတက္ကသိုလ်တို့မှ ပါမောက္ခများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် Liu Guozhong က အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ကြသည်။

ထို့နောက်ပထမအကြိမ်ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက် အဖွဲ့အစည်း ကော်မတီ အစည်းအဝေးကို ကျင်းပရာ "ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်း" (Global Partnership for Poverty Reduction and Development Alliance)ကိုတရားဝင်တည်ထောင်ကြောင်းကြေညာခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်း တည်ထောင်ရခြင်း ရည်ရွယ်ချက်မှာ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းအကျိုးရှိရေးကိုအခြေခံကာ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူလူထုပူးပေါင်း ပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပြီး အဆိုပါ အစည်းအဝေးတွင် GPPAD Charter၊ ကော်မတီဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ GPPAD Action Plan တို့ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဖိုရမ်အား ခေါင်းစဉ်လေးခုခွဲ၍ Parallel Sessions ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက အုပ်စုခွဲ၍ ခေါင်းစဉ်အသီးသီးဖြင့် မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက Sub-Forum 3: Social Equity and Inclusive Development ကဏ္ဍ၌ မိန့်ခွန်းပြောကြားရာ မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ဆင်းရဲမှုလျှော့ချရေးကို အားပေးကြောင်း ထပ်လောင်းအတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းကာ ဆင်းရဲမှုလျှော့ချရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်ရေးပတ်ဝန်းကျင် တည်ဆောက် သွားမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

မေ ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ ပင်းကူးခရိုင်သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောင်ရွက်ထားသော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ သန့်ရှင်းသော စွမ်းအင်အသုံးပြုမှုနှင့် လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများကို လေ့လာကြည့်ရှုခဲ့သည်။

ထို့ပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှုနှင့် ဆင်းရဲမှု လျှော့ချရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးစနစ်များကို ကြည့်ရှုလေ့လာခဲ့ပြီး ကျေးလက်ဒေသများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အတွေ့အကြုံများနှင့် အောင်မြင်မှုများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလှူငွေများ ပေးအပ်၊ အဆောက်အအုံများ တည်ဆောက်ခြင်းပါဝင်လှူဒါန်းသူများအား ဂုဏ်ပြု

**မန္တလေး မေ ၂၉**

မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ အလှူငွေများပေးအပ်ခြင်းနှင့် ဇည့်ဆောင်နှင့် မော်တော်ယာဉ်အဆောက်အအုံတည်ဆောက်ခြင်းအတွက် အလှူငွေပေးအပ်ခြင်းနှင့် ပါဝင်လှူဒါန်းသူများအား ဂုဏ်ပြုပွဲကို မေ ၂၇ ရက် နံနက် ၁၀နာရီက အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ သီရိမာလာအနောက်ရပ်ကွက်၊ပွဲကုန်းရှိအသင်းတိုက် ရွှေပြည်ညွန့်ဗိမာန်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းနာယက ဦးထွန်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အလှူရှင်များက ချမ်းသာကြီးဆန်လှူအသင်း ဧည့်ဆောင်နှင့် မော်တော်ယာဉ်များထားရှိသောကားဂိုထောင်တည်ဆောက်ရေး အလှူငွေများပေးအပ်ရာ အသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော်များ လှူဒါန်းလိုပါက ဖုန်း ၀၂-၄၀၆၀၇၈၄၊ ၀၉-၄၄၄၉၆၅၆၅၅ သို့ လည်းကောင်း၊ ထာဝရ ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

၀-၀-၀

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အောင်ဆန်းခန်းမ၌ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကား ပြောကြားရာတွင် တပ်မတော်အတွက် အရေးပါသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိသည့် ဗထူးတပ်မြို့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများမှ သင်တန်းနည်းပြများ၏ စေတနာထား လေ့ကျင့်သင်ကြားပေးမှုများကို အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ မတူညီသည့် နိုင်ငံရေးစနစ်များ ကျင့်သုံးကြသည့် အင်အားကြီး နိုင်ငံနှစ်ခုအကြားတွင် တည်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံရေး၊ လူမျိုးရေးကို အကြောင်းပြ၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါ လက်နက်ကိုင်သောင်းကျန်းမှု များအား တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် လက်တွဲ၍ အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် နိုင်ငံရေးအမြင်ကွဲလွဲမှုအပေါ် အခွင့်ကောင်းယူကာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်အဖွဲ့များသည် ဒေသအလိုက်အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်မှုများ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် တပ်ရင်းတပ်ဖွဲ့များရှိ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်း၍ နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာခဲ့ကြောင်း။

စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး အတွက် အဓိကလိုအပ်သည့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို တပ်မတော်က ကြိုးပမ်းထမ်းဆောင်ရမည် ဖြစ်သည့်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသော ပြည်သူက အားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်အောင် မိမိတို့ကိုယ်စီ အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်အတွက် စွမ်းရည်၊ စွမ်းအားပြည့်ဝသည့် တပ်မတော်သားများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ရေး သင်တန်းကျောင်းများက စနစ်တကျဖြင့် သင်ကြားမွေးထုတ်ပေးကြရမည် ဖြစ်ကြောင်း၊ ဗထူးတပ်နယ်ရှိ လေ့ကျင့်ရေး ကျောင်းများသည် တပ်မတော်အတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနေသဖြင့် နည်းပြများကလည်း စေတနာထား၍ အပြည့်အဝ သင်ကြားပေးရမည် ဖြစ်ကြောင်း၊ သင်ကြားပြသပေးရာတွင် "ရှေးရှုမေတ္တာဂရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလေ့" ဆိုသည့်အတိုင်း မေတ္တာ၊ စေတနာအပြည့်ဖြင့် သင်ကြားပေးစေ လိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မိမိ သင်ကြားပေးရသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာထားရမည်ဖြစ်ကြောင်း။

လူသားမျိုးနွယ်စုကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများတွင် ပါဝင်ပတ်သက်ခြင်း မရှိစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပါဝင်ပတ်သက်ခြင်းရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေ့စဉ် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရန်မှာ ကျန်းမာကြံ့ခိုင်ရေးသည် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရက်သေစာ သောက်စားခြင်းများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာစိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှု ရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့ တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

> ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီ အလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်

တပ်မတော်သားများ နှင့် မိသားစုဝင်များ အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံတော် မပြိုကွဲရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၌ ကြုံတွေ့လာသော အခက်အခဲအမျိုးမျိုးကို အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက် ရှေ့ဆုံးက မားမားမတ်မတ် ရပ်တည် ကာကွယ်ခဲ့သည့် ကောင်းမြတ်သော အတိတ်သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ တပ်မတော်သားများသည် သစ္စာလေးချက် ဦးထိပ်ပန်ဆင်ကြသူများဖြစ်သည်နှင့် အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိကြရန်လိုကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များအနေဖြင့်လည်း မိမိအကျိုး၊ မိသားစုအကျိုး၊ မိမိအဖွဲ့အစည်းအကျိုးအတွက် ပါရမီဖြည့်ဖက်ကောင်းများ ဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် မိသားစုဝင်များ အနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဗထူးဒေသသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေအမျိုးအစားဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးများကို ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ သို့မှသာ မိမိတို့၏ သက်သာချောင်ချိရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအလေးထား အားပေးလျက်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်တိုင်း KG+9 အထိ မသင်မနေရ ပညာသင်ကြားရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် တပ်မတော်သား မိသားစုဝင်များအနေဖြင့် မိမိတို့၏ သားသမီးများကို ပေးနိုင်သည့်အမွေသည် ပညာအမွေသာဖြစ်သည့်အတွက် ပညာတတ်များ ဖြစ်အောင် အလေးထား ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြစ်သားမြို့နယ်တွင် မြို့နယ်အဆင့် ဆင့်ပွား ဆွေးနွေးပွဲပြီးမြောက်မှု အခမ်းအနား ကျင်းပ

**မြစ်သား မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် KG/Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မြို့နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲ ပြီးမြောက်မှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သင်းသီရိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်းက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မြို့နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲ သင်ကြားခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဌေးလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သင်တန်းသားဆရာ၊ဆရာမများမှ တန်းခွဲများအလိုက် တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း / တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး၊ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၉

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်ဆေးရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တပ်မတော် (ကြည်း) အရာခံ/အကြပ်ကြီး သင်ကျောင်းရှိ သင်တန်းသား စားရိပ်သာသို့ ရောက်ရှိပြီး ရိက္ခာ၊ အသား/ငါးနှင့် ဟင်းသီးဟင်းရွက်များအား စတိုခန်းများအတွင်းထားရှိမှု အခြေအနေများ၊ ချက်ပြုတ်နေမှုနှင့် ကျွေးမွေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ စားရိပ်သာများအတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ခြင်၊ ယင်များမရှိစေရေး ဆေးဖျန်းခြင်းများ ဆောင်ရွက်ရန်၊ စတိုအတွင်း ရိက္ခာများကို သန့်ရှင်းသပ်ရပ်စွာ စနစ်တကျထားရှိရန်၊ ရိပ်သာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ချက်ပြုတ်ကျွေးမွေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း အာဟာရပြည့်မီစွာ ကျွေးမွေးနိုင်ရေး စေတနာထား ဆောင်ရွက်ရန်တို့ မှာကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် သင်တန်းကျောင်းဝင်းအတွင်း လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများ၊ အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ပြခန်းအတွင်း ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) မြဝတီစားရိပ်သာတွင် ခြေလျင် တပ်ရင်းမှူးသင်တန်းမှ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေး တပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် စံပြ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ စံပြ စိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် မျိုးစေ့များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ Green House အတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရုံးပတီ၊ ရွှေဖရုံ၊ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ဘူး၊ မုန်ညင်း၊ မုန်လာဥနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ နယ်မြေခံဆေးရုံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၏ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည်နိုင်ငံတော်အကြီးအကဲက ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ ပြည်သူများအတွက် ကွန်ပျူတာဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို အလွှာလိုက်ဓာတ်မှန်ရိုက်စစ်ဆေးနိုင်သည့် CT Scan စက်အသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်နန်းကူးကူနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့် ချင်းပြည်နယ် တွန်းဇံမြို့သို့ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိ

နေပြည်တော် မေ ၂၉

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်အတွင်းရှိ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဒေသတစ်ဝိုက်တို့အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အဆိုပါ မြို့များအရောက် ပို့ဆောင်ပေးလျက်ရှိသည်။



## ထောက်ပံ့ပေးအပ်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများအား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်သည် ယနေ့တွင် ချင်းပြည်နယ် တီးတိန်မြို့မှတစ်ဆင့် တွန်းဇံမြို့သို့ ရောက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့ လည်းကောင်း၊ မေ ၂၆ ရက်တွင် ကလေးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့ လည်းကောင်း၊ မေ ၂၇ ရက်တွင် ကလေးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် တီးတိန်မြို့သို့ လည်းကောင်း၊ မေ ၂၉ ရက်တွင် တီးတိန်မြို့မှ တွန်းဇံမြို့သို့လည်းကောင်း ပို့ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်၍ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၂ ခု ခွင့်ပြု



နေပြည်တော်  မေ  ၂၉

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်တစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ရှစ်ခုကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်သုံးခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၂၉၉၇၇၃ ဒသမ ၆၃၉ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၈၇၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ခွင့်ပြုပေးသည့် လုပ်ငန်းများမှာ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာလုပ်ငန်း၊ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစိုက်ပျိုးခြင်း၊ ဆီသန့်ထုတ်လုပ်ခြင်းနှင့် သိုး၊ ဆိတ်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘီစကွတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပေါင်မုန့်နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ်ကျွတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆံပင်တုထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ အလူမီနီယံထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်  မေ  ၂၉

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



# မြန်မာကျောင်းသားလူငယ်များကို မြောက်ဝင်ရိုးစွန်းသို့ အခမဲ့ (၁၀) ရက်ကြာ သိပ္ပံလေ့လာရေးခရီးစဉ် သွားရောက်ခွင့်ရမည့် "Icebreaker of Knowledge 2026" ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

နေပြည်တော် မေ ၂၉

ရုရှားနိုင်ငံ ROSATOM အဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် "Icebreaker of Knowledge 2026" နိုင်ငံတကာအဆင့် (၃)ကြိမ်မြောက် သိပ္ပံပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အသက် (၁၄) နှစ်နှင့် (၁၆)နှစ်အကြား ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲကို မေ ၅ ရက်မှ ဇွန် ၁၅ ရက် ကာလအတွင်း အဆင့်သုံးဆင့်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရမှတ်အမြင့်ဆုံးဖြင့် အောင်နိုင်သူ ၁၀ ဦးသည် ၂၀၂၆ ခုနှစ်ဩဂုတ်လတွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးဖြင့် မြောက်ဝင်ရိုးစွန်းသို့ ၁၀ ရက်ကြာ အခမဲ့သိပ္ပံလေ့လာရေးခရီး သွားရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၃ ရက် နောက်ဆုံးထား၍ တရားဝင် ဝက်ဘ်ဆိုက် https://goarctic.energy/ တွင် အွန်လိုင်းမှတစ်ဆင့် အခမဲ့စာရင်းသွင်းပြီး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် အဆင့် (၁) အနေဖြင့် မေ ၅ ရက်မှ ဇွန် ၃ ရက်ကာလအတွင်း အွန်လိုင်း ဉာဏ်စမ်းမေးခွန်း (Quiz) ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရာတွင် သိပ္ပံအခြေပြုဉာဏ်စမ်းပဟေဠိ(Quiz)ကို ဖြေဆိုရမည်ဖြစ်သည့်အပြင် မေးခွန်းအားလုံးဖြေဆိုကာ သတ်မှတ်ရမှတ်ရရှိသူများ အဆင့်(၂)သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း။

အဆင့် (၂) အနေဖြင့် မေ ၁၈ ရက်မှ ဇွန် ၃ ရက် ကာလအတွင်း Webinars ဆွေးနွေးပွဲများ တက်ရောက်ရမည်ဖြစ်ပြီး အဆင့်(၁)အောင်မြင်သူများသည် အာတိတ်ဒေသရေကြောင်းပို့ဆောင်ရေးဘောင်ကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသည့် နည်းပညာများအပါအဝင် Rosatom ၏ ဆန်းသစ်သောဖြေရှင်းချက်များနှင့် ပတ်သက်သည့် အွန်လိုင်း Webinar များကို လေ့လာ၍ စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း။

အဆင့် (၃) အနေဖြင့် ဇွန် ၅ ရက်မှ ၁၅ ရက် ကာလအတွင်း ဗီဒီယိုတင်ဆက်မှု (Video Presentation) ပြုလုပ်ရမည်ဖြစ်ပြီး အဆင့် (၁) နှင့် အဆင့် (၂) တို့တွင် စုစုပေါင်းရမှတ် အမြင့်ဆုံးရရှိသည့် နိုင်ငံများမှ ဆန်ခါတင် ၁၀ ဦးသည် နောက်ဆုံးအဆင့် လုပ်ဆောင်ချက်ခေါင်းစဉ်နှင့်သက်ဆိုင်သည့် ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို "Video Business Card" (ဗီဒီယိုဖြင့် မိတ်ဆက်တင်ပြခြင်း)ပုံစံဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲရလဒ်များကို ဇွန်လတွင် ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်မည့် ကမ္ဘာ့အဆင့် အထူးခရီးစဉ်လက်မှတ်ကို ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ RAIN ကိုယ်ပိုင်အဖွဲ့အစည်းမှ ပြန်ကြားရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် အလက်ဇန္ဒားယူးစတပ်စ်က "ဗဟုသုတရေခဲခွဲသင်္ဘော (Icebreaker of Knowledge) စီမံကိန်းကို နိုင်ငံတကာအဆင့်အနေနဲ့ ကျင်းပတာ ဒါဟာတတိယအကြိမ်မြောက် ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၂ နိုင်ငံက ကလေးငယ်တွေဟာ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးနဲ့ မြောက်ဝင်ရိုးစွန်းဆီကို စိတ်လှုပ်ရှားဖွယ်ရာပညာပေးခရီးစဉ်နဲ့စတင်ကြမှာပါ။ ၁၀ ရက်တာအတွင်းမှာ သူတို့ဟာ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ သိပ္ပံပညာပြန်ကြားရေးကျွမ်းကျင်သူတွေ၊ ဘလော့ဂါတွေနဲ့ အတူ အာတိတ်ဒေသကို လေ့လာစူးစမ်းကြမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ ကမ္ဘာ့အမြင့်ဆုံးအမှတ်ကို ရရှိဖို့အတွက်သာမက ဗဟုသုတအမြင်တွေ ကျယ်ပြန့်လာစေဖို့၊ မိတ်ဆွေသစ်တွေရရှိဖို့၊ စံချိန်သစ်တွေ တင်နိုင်ဖို့နဲ့ ဝင်ရိုးစွန်းဝက်ဝံတွေကို မြင်တွေ့နိုင်ဖို့အခွင့်အရေးတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားသည်။ **သတင်းစဉ်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မြန်မာ-ဂျပန်မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MABA) (၁၀)နှစ်ပြည့် အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် မြန်မာ-ဂျပန် ပွဲတော်ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ




**မန္တလေး မေ ၂၉**

မြန်မာ-ဂျပန်မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအသင်း (MABA)(၁၀)နှစ်ပြည့်အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် မြန်မာ-ဂျပန် ပွဲတော်ကျင်းပသွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ တွေ့ဆုံခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး နောက် မြန်မာ-ဂျပန်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်း (MABA)မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး မြန်မာ-ဂျပန် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအသင်း (MABA)(၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဇွန် ၆ ရက်နှင့် ၇ ရက်တို့၌ မင်္ဂလာမန္တလေးပရိမိုးရှင်း ဧရိယာတွင် ကျင်းပမည့် MSME ဈေးရောင်းပွဲတော်နှင့် မြန်မာ-ဂျပန် ပွဲတော်နှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအစီအမံများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ဒီဟာတ်စ်မြန်မာမှ တိုးချဲ့ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ




**မန္တလေး မေ ၂၉**

နယ်သာလန်အခြေစိုက် De Heus Myanmar Ltd. မှ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြတွေ့ဆုံခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် De Heus Myanmar Ltd. မှ တာဝန်ရှိသူများက မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ဝက်မျိုးရင်းခြံနှင့် မြို့သာစက်မှုဇုန်တွင် တိရစ္ဆာန်အစာ ထုတ်လုပ်ရေးစက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းမျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ် မြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ၂၃လမ်းနှင့် ၂၂လမ်းကြား၊ ၈၆လမ်းရှိ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် အစည်းအဝေးသဘာပတိအဖွဲ့အဖြစ် စာရေးဆရာ အောင်တင်ဝင်း(ငါ့သရောက်)၊ အောင်မြေသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်လင်းဦး၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်တို့က ဆောင်ရွက်ပြီး အခမ်းအနားကို အစီအစဉ် (၉) ရပ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ စာရေးဆရာ အောင်တင်ဝင်း(ငါ့သရောက်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ လက်ရှိစာရေးဆရာအသင်း အမှုဆောင်အဖွဲ့အား ဖျက်သိမ်းကြောင်းကြေညာသည်။

အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းအစီအစဉ်တွင် အသင်းသားများကိုယ်စား စာရေးဆရာမင်းမြတ်မိုး(မန်းမြေ)က အမှုဆောင် ခြောက်ဦး၏ အမည်စာရင်းအား အဆိုပြုတင်သွင်း၍ စာရေးဆရာ မောင်ကြွေးကျော်နှင့် စာရေးဆရာဝင်းတိုး(စီမံ/၁၆)တို့က ထောက်ခံတင်မြှောက်ကြသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ခြင်းခံရသော အမှုဆောင်ခြောက်ဦးက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

အခမ်းအနားအစီအစဉ်အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်မင်းဦး(မင်းမင်း-မန္တလေး)က မိတ်ဆက်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း စာဆိုတော်နေ့အခမ်းအနား၊ သက်ကြီးကန်တော့ခံ သက်ကြီးစာပေပညာရှင်စာရေးဆရာ ဦးလှဘော်(မောင်လှဘော်-မအူပင်)နှင့် မောင်လူလှ(ဖေယျာဦး)တို့က မုဒိတာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါအသင်းတွင် နာယကအဖြစ် စာရေးဆရာ မြောက်ပြင်တော်က ကိုရွှေမော်၊ ဥက္ကဋ္ဌ စာရေးဆရာ အောင်မင်းဦး (မင်းမင်း-မန္တလေး)၊ အတွင်းရေးမှူး စာရေးဆရာ မောင်မြဝေ(ယောမင်းကြီး)၊ ဘဏ္ဍာရေးမှူး စာရေးဆရာ မောင်မောင်(မန်းတက္ကသိုလ်)၊ အလုပ်အမှုဆောင်အဖွဲ့ဝင် စာရေးဆရာ မြင့်သိန်း(ပညာရေး)နှင့် စာရေးဆရာ အိမ်တင်အေး(ပုလဲ)တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**(ဝဇ္ဇ)**

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် တွေ့ဆုံပွဲသို့ တက်ရောက်



**မန္တလေး မေ ၂၉**

မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဆိုပါစီမံကိန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည့်တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးတွင် သာမက နိုင်ငံ၏ စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊ စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ တန်ဖိုးမြှင့် MSME စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာရေး၊ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး အဓိက ဦးတည်ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများ အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် မန္တလေး-မြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးအောင်ဝင်းခိုင်က စီမံကိန်းနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့် မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ အများပိုင် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေသော မိတ္ထီလာလွှင်ပြင်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုအား တိုင်းဒေသကြီး ဝန်ကြီး ကြည့်ရှု

**မိတ္ထီလာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုး မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေသော မိတ္ထီလာလွှင်ပြင် ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုအား ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးနှင့် အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူးက မိတ္ထီလာလွှင်ပြင်တွင် စိုက်ပျိုးဧက ၅၀၀၀ ရေပေးဝေနိုင်ရန် ဆောင်ရွက်ပြီးဖြစ်၍ စိုက်ပျိုးဧက ၈၀၀၀ အထိ တိုးချဲ့ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆိုလာစနစ် ရေတင်စီမံကိန်း လေးခု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုးကောင်းသောက် စိုက်ပျိုးဧရိယာမြေ ဧက ၃၉၅၀အား စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။

ငင်းနောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)မှ ဦးစံမင်းထွန်းက စမုံရေငုပ်ပြွန်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေသော မိတ္ထီလာလွှင်ပြင်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုအား ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးဧက တိုးတက်ရရှိရန်၊ သီးထပ်၊ သီးညှပ် တစ်နှစ်လျှင် အနည်းဆုံး နှစ်သီး စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် စမုံရေငုပ်ပြွန်မှ မိုးရာသီအမီ ဆောင်ရွက်ပြီးစီးမည်ဖြစ်၍ အကျိုးပြုစိုက်ပျိုးဧက ၄၂၄၃၉ ဧက စိုက်ပျိုးရေရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၆၉)**

ကျန်းမာ စိတ်ရွှင်
ကြည်လင်ချင်
အချိန်ရှိခိုက်
သစ်ပင်စိုက်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး မေ ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ မေ ၂၉ရက်မှ ဇွန် ၄ ရက်အထိ စားအုန်းဆီတစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေ ၇၃၈၇ ကျပ်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊လက်ကားရောင်းချမည့် ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊လုပ်သားခများနှင့် အမြတ် နှစ်ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ မေ ၂၉ရက်မှ ဇွန် ၄ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၆၈၀၊မိတ္ထီလာမြို့ ငွေကျပ် ၈၅၁၀၊ ရမည်းသင်းမြို့ ငွေကျပ် ၈၄၈၅၊ကျောက်ဆည်မြို့ ငွေကျပ် ၈၆၃၅၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၇၂၅၊ မြင်းခြံမြို့ ငွေကျပ် ၈၇၅၅၊ ညောင်ဦးမြို့အတွက် ငွေကျပ် ၈၆၆၅ ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀



# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသို့ အလှူငွေလှူဒါန်း

**မန္တလေး မေ ၂၉**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဆောင်သော နယ်စပ်တောင်တန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးသို့ သာသနာပြုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်ဘုရားဂေါပကအဖွဲ့ဝင် ဦးမောင်ကြီး(YMBA)၏ကိုယ်စား ဦးစိန်သန်း(YMBA) နာယက နှင့်အဖွဲ့က ယမန်နေ့က ငွေကျပ် သိန်းနှစ်ဆယ်အား လာရောက်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၄၉)**

၀-၀-၀-၀-၀





❁ စာမျက်နှာ ၂၄ မှ

ထမ်းဆောင်နိုင်ရန် အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့်လူငယ်များအား ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃)၏ သင်တန်းဆင်းပွဲ အခမ်းအနားများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြရာ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံ အမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှသင်တန်းသားများကိုကြည်းခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၃)တွင် တက်ရောက်ခဲ့ကြသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့် ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ရရှိခဲ့တဲ့ဆုကတော့ စစ်သည်တော်ကျင့်ဝတ်ဆု ဖြစ်ပါတယ်။ ဒီဆုကိုရရှိဖို့အတွက် ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှု သင်ပြမှုအပါအဝင် ကျွန်တော်ကိုယ်တိုင်အားစိုက်မှုတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ အမှတ်တရအဖြစ်ဆုံးကတော့ ဒီဆုကိုရရှိခဲ့တဲ့အချိန်ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ကျွန်တော် ကျောင်းတက်တုန်းကလည်း အတန်းတွေမှာဆိုရင် ပထမဆု၊ ဒုတိယဆုတွေကို အကြိမ်ပေါင်းများစွာ ရရှိသူတစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်အတွင်းမှာ ဒီဆုကိုရရှိခဲ့တဲ့ ခံစားရတဲ့ခံစားချက်နဲ့တော့ လုံးဝခြားနားပါတယ်။ အပြင်လောကမှာရရှိခဲ့တဲ့ဆုတွေထက် ဒီဆုကိုရရှိတဲ့အချိန်မှာ ရရှိတဲ့ခံစားချက်က အများကြီးသာ လွန်ပါတယ်။ ဒီသင်တန်းမှာ ရောက်ရှိနေတဲ့ ညီအစ်ကိုတွေက ဘဝပေါင်းစုံ အလွှာပေါင်းစုံမှ လူတွေအများကြီးရှိပါတယ်။ ဒီလူတွေနဲ့ သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံရတယ်။ အပြင်လောကမှာနဲ့ ဒီတပ်မတော်အတွင်းမှာနဲ့ နေထိုင်ရတာ အစစအရာရာမတူပါဘူး။ အပြင်လောကမှာ စည်းစနစ်သိပ်မရှိဘူး။ တပ်မတော်အတွင်းမှာက မနက်မျက်လုံးဖွင့်ချိန်ကစပြီး စည်းစနစ်ကျဖို့လိုတယ်။ အချိန် ကန့်သတ်ချက် ရှိတယ်။ တပ်မတော်မှာ One For All ဆိုတဲ့ စကားလုံးရှိပါတယ်။ တစ်ယောက်မကောင်းဘူးဆိုရင် အကုန်လုံးမကောင်းပါဘူး။ တစ်ယောက်ချင်းစီကကောင်းမှ တပ်မတော်က ကောင်းမှာပါ။ ဒါကြောင့် ဒီအတွေ့အကြုံလေးတွေ ကျွန်တော်ရရှိခဲ့ပါတယ်။



၂။သင်တန်းမှာ ရရှိခဲ့တဲ့ဆုကတော့ ချေမှုန်းရေးဆု ဖြစ်ပါတယ်။ ကိုယ်တစ်ယောက်တည်းကောင်းလို့တော့ မရပါဘူး။ ချေမှုန်းရေးဆုဆိုတာကတော့ကိုယ့်နောက်လိုက်ရဲဘော်တွေ ကောင်းတာရယ် ဆရာကြီးတွေရဲ့ သင်ပြပေးတဲ့ နည်းစနစ်တွေကို လိုက်နာကျင့်သုံးပြီးမှ ဒီဆုကို ရရှိခဲ့တာပါ။ အများကြီးပြောင်းလဲလာပါတယ်။ ကျွန်တော်တို့ အပြင်မှာနေရင် စည်းကမ်းမရှိနေတာက များတယ်။ စားတယ်၊ သောက်တယ်။ အခုဒီမှာဆိုတော့ နေမှုထိုင်မှုနဲ့ အပြောအဆိုတွေကအစ စည်းနဲ့ ကမ်းနဲ့ နေထိုင်ရတယ်၊ ပြောရဆိုရတယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ဘယ်လိုဆက်ဆံရတယ်ကအစ နည်းပြတွေက သင်ကြားဆုံးမတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ဂုဏ်ယူပါတယ်။ သင်တန်းဆင်းတော့ သင်ကြားပေးတဲ့ နည်းပြတွေနဲ့ သင်တန်းအတူတက်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေနဲ့ ခွဲခွာရတော့မယ့်အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ပေးဖို့လိုတယ်လို့ ယုံကြည်ပါတယ်။ နောက်တက်ရောက်မယ့် ညီငယ်တွေကိုလည်း တိုင်းပြည်ကို ကာကွယ်ရန်အတွက် ပြည်သူ့စစ်မှုထမ်းကို လာရောက်ထမ်းဆောင် တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်း အသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သောက်ရေသန့်လုပ်ငန်းများအား တရားဝင်လိုင်စင်ခွင့်ပြုချက်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆွေးနွေး

**မိတ္ထီလာ မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ သောက်ရေသန့်လုပ်ငန်းများအား တရားဝင် လိုင်စင် ခွင့်ပြုချက်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မိတ္ထီလာခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ခရိုင်တာဝန်ခံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိနှင့် သောက်ရေသန့်လုပ်ငန်းရှင်၃၀ ဦးတက်ရောက်ခဲ့သည်။



ရှေးဦးစွာ စားသုံးသူရေးရာ ဦးစီးဌာနမှ မိတ္ထီလာခရိုင်ဦးစီးမှူး ဦးဇော်မင်းက သောက်ရေသန့်လုပ်ငန်းရှင်များအား တရားဝင် လုပ်ငန်းလိုင်စင်ခွင့်ပြုချက်ဖြင့် ဖြန့်ဖြူးရောင်းချရန်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခွင့်ပြုထားသောလိုင်စင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုထားသောလိုင်စင်များ သက်တမ်းကုန်ဆုံးနေပါက သက်ဆိုင်ရာဌာနများတွင် အမြန်ဆုံးသက်တမ်းတိုးဆောင်ရွက်ကြရန်၊ တရားမဝင်လိုင်စင်ခွင့်ပြုချက်လျှောက်ထားဆဲလုပ်ငန်းများမှ ခွင့်ပြုချက်မရမီ ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုရန်နှင့် တရားဝင်လိုင်စင်ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မပြုရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးယဉ်မောင်ဦးက သောက်ရေသန့်သည် လူတို့၏ ကျန်းမာရေးတွင် အရေးပါသော အစားအသောက်တစ်ခုဖြစ်ကြောင်း၊ ရေနှင့်ဆီကိုထိန်းချုပ် အစားအသောက်အဖြစ် ထုတ်ပြန်ထားကြောင်း၊ တရားဝင်လိုင်စင်မရှိဘဲ ထုတ်လုပ်ရောင်းချခြင်း၊ သက်တမ်းကုန်ဆုံးနေပြီး ထုတ်လုပ်ရောင်းချခြင်းများ စိစစ်တွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းများ အခက်အခဲရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဌာနမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ညွန့်က စည်ပင်လုပ်ငန်းလိုင်စင်သက်တမ်းမှာ တစ်နှစ်ဖြစ်၍ နှစ်စဉ်မှန်မှန်သက်တမ်းတိုးဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော သောက်ရေသန့်လုပ်ငန်းရှင်များမှ သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူ အသီးသီးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(၄၆၉)




## မာကိုဆေးလ်ဗားကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် ဖူလ်ဟမ်အသင်း စီစဉ်



**လန်ဒန် မေ ၂၉**

ဖူလ်ဟမ်အသင်းသည် အသင်းနည်းပြ မာကိုဆေးလ်ဗားကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လိုက်ပြီဖြစ်သည်။

အဆိုပါ နည်းပြသည် လက်ရှိအချိန်တွင် ဥရောပကလပ်ထိပ်သီးကလပ်အသင်းများက နည်းပြသစ်အဖြစ် ခေါ်ယူရန် စီစဉ်လာမှုများကြောင့် ဖူလ်ဟမ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ မာကိုဆေးလ်ဗားသည် ဖူလ်ဟမ်အသင်းကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၂၉ပွဲတွင် ပွဲ ၁၀၀နိုင်၊ ၄၈ပွဲသရေ၊ ၈၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဖူလ်ဟမ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ မာကိုဆေးလ်ဗားကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## အန်ဒီရောဘတ်ဆန်ကို ခေါ်ယူရန် စပါးအသင်းသဘောတူညီမှုရရှိ

**လန်ဒန် မေ ၂၉**

စပါးအသင်းသည် လီဗာပူးအသင်းမှ ထွက်ခွာလာသည့် ဝါရင့်နောက်ခံကစားသမား အန်ဒီရောဘတ်ဆန်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။



အဆိုပါ နောက်ခံကစားသမားသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၈ပွဲ ကစားပြီး ၁၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

နောက်ခံကစားသမား အန်ဒီရောဘတ်ဆန်သည် လာမည့်ရက်ပိုင်းအတွင်း စပါးအသင်းသို့ လာရောက်ပူးပေါင်းကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နယ်သာလန်လက်ရွေးစင်အသင်း ကစားသမား ၂၆ ဦး စာရင်းထုတ်ပြန်

**လန်ဒန် မေ ၂၉**

နယ်သာလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား ၂၆ဦး စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

နယ်သာလန်လက်ရွေးစင်အသင်းထုတ်ပြန်သည့် ကစားသမားစာရင်းတွင် ဂိုး- မာ့ခ်ဖလပ်ကန်၊ ရိုဘင်ရုဖ်စ်၊ ဘတ်ဗာဘရူဂန်၊ နောက်တန်း- နေသန်အာကီ၊ ဒန်ဖယ်ဒမ်းဖရိုင်းစ်၊ ဂျော်ရယ်ဟာတို၊ ဂျူရီယန်တင်ဘာ၊ မစ်ကီဗန်ဒီဗန်၊ ဗာဂျီဗန်ဒိုက်၊ ဗန်ဟက်ကီ၊ ကွင်းလယ်- ဖရန်ကီဒီဂျောင်၊ မာတင်ဒီရွန်၊ ရိုင်ယန်ဂရာဗင်ဘာ့ခ်၊ ဂျက်စတင်ကလိုင်းဗတ်၊ ကော့ပ်မိန်းနားစ်၊ ရိန်ဒါးစ်၊ ဂတ်စ်တစ်လ်၊ ကွင်တန်တင်ဘာ၊ မက်စ်ဝီဖာ၊ ရှေ့တန်း-ဘရော့ဘီ၊ ဒီပေး၊ ကိုဒီဂတ်ပို၊ နိုအာလန်း၊ ဒွန်ယဲလ်မာလန်၊ ဆမ်မာဇီးလ်၊ ဝက်ဂ်ဟော့စ်တို့ အသီးသီးပါဝင်လာခဲ့သည်။

နယ်သာလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၅ ရက်တွင် ဂျပန်အသင်းနှင့် ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။ (အောက်ပုံ) (NGB)





## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများထဲတွင် တန်ဖိုးအမြင့်ဆုံးအသင်းအဖြစ် ပြင်သစ်အသင်း ရပ်တည်

**မက်ဒရစ် မေ ၂၉**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများထဲတွင် တန်ဖိုးအမြင့်ဆုံးအသင်းအဖြစ် ပြင်သစ်အသင်းက ယူရို ၁ဒသမ ၄၇ဘီလီယံဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများထဲတွင် တန်ဖိုးအမြင့်ဆုံးအသင်းအဖြစ် ပြင်သစ်အသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် အင်္ဂလန်၊ စပိန်အသင်း၊ ဂျာမနီအသင်း၊ ပေါ်တူဂီအသင်းတို့ အသီးသီး ရပ်တည်လျက်ရှိသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် အသင်းပေါင်း ၄၈သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပြင်သစ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၇ရက်တွင် ဆီနီဂေါအသင်းနှင့် စတင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## မာရီယိုမာတင်ကို ဂီတာဖေးအသင်း အပြီးသတ်ခေါ်ယူ

**မက်ဒရစ် မေ ၂၉**

ဂီတာဖေးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား မာရီယိုမာတင်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂီတာဖေးအသင်းနှင့်အတူ ၂၀၃၀ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။




ကွင်းလယ်ကစားသမား မာရီယိုမာတင်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ဂီတာဖေးအသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၉ပွဲကစားကာ ၄ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂီတာဖေးအသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ မာရီယိုမာတင်က "ကျွန်တော် ဂီတာဖေးအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အဂွီရီ ဆိုစီဒက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် မေ ၂၉**

ဆိုစီဒက်အသင်းသည် အသင်းကွင်းလယ်ကစားသမား အဂွီရီကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဆိုစီဒက်အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဂွီရီသည် အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ဆိုစီဒက်အသင်းထုတ်ပြန်ချက်တွင် "အဂွီရီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားတွေကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ဖို့ ဆက်လက်လုပ်ဆောင်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ဂရင်းဝုဒ်ကို ခေါ်ယူရန် ရိုးမားအသင်း စီစဉ်

**တူရင် မေ ၂၉**

ရိုးမားအသင်းသည် ယခုနွေရာသီ၏ အဓိကဦးစားပေးပစ်မှတ်တစ်ခုအဖြစ် မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မာဆေးလ်အသင်းကလည်း ဂရင်းဝုဒ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ရိုးမားအသင်းအနေဖြင့် မာဆေးလ်အသင်းထံမှ ဂရင်းဝုဒ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သင်ည်။

(အောက်ပုံ) (NGB)



## ဖီလစ်ပီလူးဝစ်ကို နည်းပြသစ်အဖြစ် မိုနာကိုအသင်းခန့်အပ်

**ပါရီ မေ ၂၉**

မိုနာကိုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဖီလစ်ပီလူးဝစ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဖီလစ်ပီလူးဝစ်သည် နည်းပြဘဝတွင် ဖလာမင်ဂိုအသင်းအား ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် မိုနာကိုအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လာခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၄၀)နှစ်အရွယ်ရှိ နည်းပြ ဖီလစ်ပီလူးဝစ်အနေဖြင့် မိုနာကိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



### နိုင်ငံတကာခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၃၀-၅-၂၀၂၆ ညနေ ၆:၃၀ နာရီ | စကော့တလန် - ကူရာကာအို |

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၃၀-၅-၂၀၂၆ စနေနေ့ | ည ၁၀:၃၀ နာရီ | ပီအက်စ်ဂျီ - အာဆင်နယ် (ပြင်သစ်-၁) (အင်္ဂလန်-၁) | ပီအက်စ်ဂျီ ၂-၁ အာဆင်နယ်<br>အာဆင်နယ် ၀-၁ ပီအက်စ်ဂျီ |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေး ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်းပွဲ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြား






**မန္တလေး မေ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင် ပြုလုပ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးခင်မောင်အေး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ပြင်ပဌာနအသီးသီးတို့မှ သင်တန်းဘာသာရပ်ဆိုင်ရာ နည်းပြများ မြို့တော်စည်ပင်မှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းဆင်း သင်တန်းသား ၃၀ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ မြို့တော်ဝန်က (၄-၅-၂၀၂၆)ရက်မှ (၂၉-၅-၂၀၂၆) ရက်အထိ ရက်သတ္တ လေးပတ်အကြာ ဖွင့်လှစ်သင်ကြားခဲ့သော ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ် (၁/၂၀၂၆)တွင် မြို့တော်စည်ပင်ကော်မတီရုံးနှင့် ဌာန ၁၄ ခုတို့၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်မှုများအကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းတိုင်း ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများကို သင်ကြားပေးခဲ့ပြီး ဖြစ်ရာ ရုံးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ပြင်ပဌာနများ၏ ပို့ချမှုများကိုလည်း ဝန်ထမ်းများ အသိပညာဗဟုသုတတိုးပွားလာစေမည်ဖြစ်သည့်အပြင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုပြည့်ဝစေရန်တို့အတွက် ကော်မတီအနေဖြင့် ရုံးလုပ်ငန်းသင်တန်းများကို တစ်နှစ်လျှင် သုံးကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများထံမှ ကောက်ခံ ရရှိသော ဘဏ္ဍာငွေအပေါ် မူတည်ပြီး နှစ်အလိုက် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အခွန်အခများကို လျာထားချက်အတိုင်း အပြည့်အဝရရှိအောင် နည်းစနစ်မှန်ကန်စွာဖြင့် ကောက်ခံပေးကြရန် လိုအပ်ကြောင်း၊ အစိုးရသစ်လက်ထက် ပထမရက်(၁၀၀)ကာလအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့တော်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပြည်သူ့အကျိုးပြု၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စီမံချက်များရေးဆွဲ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းဓာတ်ပုံ များနှင့်တကွ စနစ်တကျအစီရင်ခံစာပြုစုထားရှိရမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများကို အထူးမှာကြားလိုသည်မှာ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအနေဖြင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများကို စေတနာထား၍ တိကျမြန်ဆန်စွာဖြင့် ဆောင်ရွက်ပေးရန်နှင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သော ဝန်ထမ်းကောင်းများဖြစ်အောင် တာဝန်ယူကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း သင်တန်းဆင်းအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းထူးချွန်ဆု(ပထမ၊ ဒုတိယ၊ တတိယ)ရရှိကြသော ဝန်ထမ်းများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ အတွင်းရေးမှူးက ဌာနဆိုင်ရာများမှ ပြင်ပဘာသာရပ်ဆိုင်ရာ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သင်တန်းသား၊ သင်တန်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

# ဥတ္တရသီရိမြို့နယ် ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောင်သုခကျေးရွာမြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**ဥတ္တရသီရိ မေ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀) စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အောင်သုခကျေးရွာသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက အောင်သုခကျေးရွာ၌ ကျင်းပပြုလုပ်သည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားတွင် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် အောင်သုခကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ဖြေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောပြီး ဥတ္တရခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်မှု မဖြစ်အောင် မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ နည်းဥပဒေများနှင့် ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ရက်(၁၀၀)စီမံချက်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အောင်သုခကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောပြခဲ့ကြောင်း သိရသည်။ (အောင်ရဲကျော်)

၀-၀-၀-၀-၀

**မြို့တော်**
**စိမ်းလန်းစိုပြည်**
**သာယာလှပရေး**
**ဝိုင်းဝန်းပူးပေါင်း**
**ဆောင်ရွက်ပေး**

# မြစ်သားမြို့နယ်၌ နွေနှမ်းများ စတင်ရိတ်သိမ်း

**မြစ်သား မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ယခုနှစ် နွေနှမ်းရိတ်သိမ်းချိန် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိကြောင်း တောင်သူများထံမှ သိရသည်။

"ဒီနှစ် ရာသီဥတုလေးက မိုးနည်းတော့ နှမ်းအကြိုက် ရာသီဥတုဖြစ်ခဲ့တာပါ။ အထွက်နှုန်း ကောင်းကြပါတယ်။ အခင်းကောင်းရင် တစ်ဧက ၁၅ တင်းလောက်ထိ ထွက်ကြသလို ပျမ်းမျှ ၁၀ တင်း အနည်းဆုံး ထွက်ရှိပါတယ်။ ယခုနှစ် နှမ်းအထွက် ကောင်းတော့ တောင်သူတွေ အဆင်ပြေပါတယ်"ဟု မြစ်သားမြို့နယ်၊ ငါးဆူကျေးရွာမှ တောင်သူဦးကျော်စွာက ပြောသည်။

နွေနှမ်းစိုက်ပျိုးမှုကို မတ်လက စတင်စိုက်ပျိုးပြီး ဇူလိုင်လဆန်းအတွင်း အပြီးရိတ်သိမ်းလေ့ရှိရာ ယခုနှစ် မိုးဦးကာလ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းကြောင်း ယခုနှစ် နွေနှမ်းရိတ်သိမ်းချိန် အထွက်နှုန်း ကောင်းကြောင်း သိရသည်။

မြစ်သားမြို့နယ်တွင် အထွက်နှုန်းကောင်းသည့် ဆီထွက် သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်း စားသုံးဆီ ဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) ဝါဝါမြင့်(မြစ်သား)



# ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ပြည်သူ့ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်



**မိုင်းကိုင် မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ပြည်သူ့ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာစိုင်းထွန်းလှိုင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့တို့သည် ယမန်နေ့က ဟမ်းငိုင်းကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းမွေးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးနှင့် မြို့နယ်ဆရာဝန်ကြီးက ကျန်းမာသော လူနေမှုပုံစံများ၊ ပြည်သူများ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး ကျန်းမာရေးအသိပညာပေးဟောပြောရာ တက်ရောက်လာကြသည့် ကျေးလက်နေ ပြည်သူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများ အခြေခံကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အထွေထွေရောဂါများအား စမ်းသပ်ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ၅ နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြရာ ကျေးလက်နေပြည်သူ စုစုပေါင်း ၂၀၃ ဦးကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



# ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မကွေး မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လမ်း၊တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို မေ ၂၇ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးသည် လွင်မြတ်ကန်ကျေးရွာအုပ်စု၊ ကန်သစ်ကျေးရွာ လုပ်ငန်းခွင်သို့ တာဝန်ရှိသူများနှင့် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးနှင့် မကွေးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)တို့က မကွေး-ရေနံချောင်းလမ်းမှ ကန်သစ်ကျေးရွာလမ်း မိုင်တိုင်(၁/၃-၁/၄) မိုင်ကြား၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည် ၂၅ ပေ (၇ ဒသမ ၆၂ မီတာ)ရှိ ကွန်ကရစ်ရေကျော် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မိုင်တိုင်(၁/၂-၁/၃)မိုင်ကြားနှင့် မိုင်တိုင်(၀/၆-၀/၇)မိုင်ကြားတို့တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၀၀ သန်းဖြင့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert(၃'×၃'×၂၄') (၀ ဒသမ ၉၁ မီတာ × ၀ ဒသမ ၉၁ မီတာ × ၇ ဒသမ ၃၁ မီတာ)နှစ်စင်း တည်ဆောက်နေမှုနှင့် မိုင်တိုင်(၀/၄-၀/၅)မိုင်ကြားတွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert (၅'× ၅'×၂၄') (၁ ဒသမ ၅၂ မီတာ × ၁ ဒသမ ၅၂ မီတာ× ၇ ဒသမ ၃၁ မီတာ)တစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ရက်(၁၀၀)စီမံချက်ပါ ဒေသဖွံ့ဖြိုးရေး လမ်း၊တံတား လုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ မေ ၁ ရက်မှစတင်၍ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ( မြို့နယ်အဆင့် )ဆွေးနွေးပွဲ သင်တန်းဆင်း

**ကျောက်ဆည် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(မြို့နယ်အဆင့်) ဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များတွင် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည် အရေးပါဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မူလတန်းဆင့်သင် ဆရာ၊ဆရာမများအား အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းများနှင့် သင်ယူတတ်မြောက်မှု စွမ်းရည်မြင့်မားခြင်း၊ ဘာသာရပ်သင်ခန်းစာများတွင် သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်အလိုက် ထိရောက်အောင်မြင်သော သင်ကြားသင်ယူမှုဖြစ်ခြင်း၊ အခြေခံပညာမူလတန်းအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာများ သိရှိနားလည်ခြင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး၊ စိတ်လှုပ်ရှားမှု စသည့် အခြေခံကောင်းများ အသက်အရွယ်အလိုက် မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်မှုများ ပြုစုပျိုးထောင်တတ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ **(ယာပုံ)**



အဆိုပါ ဆွေးနွေးပွဲ၌ EC-CD Policy, Child Right Law, Child Protection၊ ကလေးစိတ်ပညာ၊ ကလေးသဘောသဘာဝနှင့် အခြေခံလိုအပ်ချက်များ၊ ကစားခြင်းဖြင့် သင်ကြားခြင်း၊ သင်ယူမှုအခြေခံအုတ်မြစ်များ၊ သင်ယူမှုပုံစံများ၊ မိသားစုပုံစံအမျိုးမျိုးနှင့် မိဘရပ်ရွာပူးပေါင်းဆောင်ရွက်ခြင်း၊ ကလေးဖွံ့ဖြိုးမှု၊ Classroom Management Corner၊ တစ်နေ့တာအစီအစဉ်၊ ECI နှင့် အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သောကလေးများနှင့် သင်ကြားမှုနည်းလမ်းများ၊ဘာသာစကားဖွံ့ဖြိုးမှုအတွက် Stoty Music play၊ အစောပိုင်းကာလ စာတတ်မြောက်မှု၊ ကလေးများအား ကြည့်ရှုလေ့လာခြင်း၊ အကူးအပြောင်းကာလ အရေးကြီးပုံ၊ အခြေခံပညာဥပဒေ၊ အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်/KG သင်ရိုးမိတ်ဆက် စသည့် သင်ခန်းစာများ ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သဘော်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်နေ တောင်သူများသည် မြေအောက်ရေနှင့် ကင်းတားဆည်ရေကို အသုံးပြုကာ မိသားစုတစ်နိုင်တစ်ပိုင် သဘော်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် အဓိကစိုက်ပျိုးကြသော သီးနှံများမှာ စပါး၊ နှမ်း၊ ပဲအမျိုးမျိုး၊ ဖူးစားပြောင်း၊ နေကြာ၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်၊ ခရမ်းသီး စသည့်ကာလတို သီးနှံအမျိုးမျိုးတို့အပြင် နှစ်ရှည်သီးနှံဖြစ်သည့် မာလကာ၊ သဘော်၊ ငှက်ပျော၊ နဂါးမောက် စသည့် သီးနှံများကိုလည်း စိုက်ပျိုးကြသည်။

သဘော်ကို မိုးဦးကာလဖြစ်သည့် ဧပြီလတွင် နွားချေး၊ မြေဆွေး၊ နုန်းမြေ၊ သဲတို့ဖြင့် ရောစပ်ပြီး ၅ လက်မ ၉လက်မ အိတ်များထဲသို့ထည့်သွင်းပြီး တစ်အိတ်ကို တစ်စေ့နှုန်းဖြင့် စတင်ပျိုးထောင်ကာ တစ်လသားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးကြသည်။

ပြောင်းရွှေ့မစိုက်ပျိုးမီ သဘော်စိုက်ပျိုးမည့် ယာကွက်ကို ကြိုတင်ထွန်ယက်ပြီး သဘော်ပင်များ အပင်သေပျောက်မှုမရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့် ပျိုးပင်များကို ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာ ရရှိစေရန်နှင့် လေဝင်အထွက်ကောင်းမွန်စေရန် စိုက်ပျိုးမည့် တစ်ပင်နှင့်တစ်ပင် ရှစ်ပေခြားကာ အလျား၊ အနံ၊ အနက် နှစ်ပေရှိသည့် စိုက်ကျင်းများအတွင်း နွားချေး၊ နုန်းမြေ၊ မြေဆွေးတို့ကို ဆတူရောပြီး ကြိုတင် ထည့်ထားကာ စိုက်ပျိုးကြရသည်။ လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေး၊ ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းနှင့် ရာသီဥတု အခြေအနေပေါ် မူတည်၍ ရေသွင်းခြင်း၊ မြေသြဇာကျွေးခြင်းများလည်း ပြုလုပ်ပေးရသည်။ ထွက်ရှိလာသော သဘော်သီးများကို ဖောက်သည်များမှ ခြံများအထိ လာရောက်ရူးယူပြီး မြစ်သားမြို့ဈေးများတွင် ရောင်းချကြောင်း ရွှေကြာအင်းကျေးရွာ သဘော်စိုက်တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

*-*-*-*-*-*-*



# မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အာဂမနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကမဟာဗျူဟစရိယ ဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသ

### လင်းကြက်တွေ တွန်သံကြားတော့ အားခဲလို့ ထမည်ထင် 'အာဂမ' အရှင်

သာသနာ ၂၅၆၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့ နံနက်စောစော လင်းအရုဏ် မိုးမသောက်မီ ၃ နာရီ ၃၇ မိနစ်က ဖြစ်သည်။ ကြက်ဖတစ်ကောင်၏ တောင်ပံခတ်သံများကို ကြားလိုက်ရသည်။ တောင်ပံခတ်သံများနှင့်အတူ 'အောက်အီးအီးအွတ်' ဟူသော ကြက်တွန်သံကိုပါ ကြားလိုက်ရသည်။ ထိုကြက်တွန်သံနှင့်အတူ အခြားသော အိမ်ခေါင်မိုးပေါ်များမှ ကြက်တွန်သံများ မန်ကျည်းပင်များ၊ တမာပင်များပေါ်မှ ကြက်တွန်သံများကိုလည်း ကြားလိုက်ရသည်။

ကြက်တွန်သံများနှင့်အတူ ဖုန်းတစ်လုံး၏ မြည်သံကိုလည်း ကြားလိုက်ရသည်။ ဖုန်းသံကို နားထောင်သောအခါ ယခု နံနက် ၃ နာရီ ၃၃ မိနစ်က အာဂမနယူပဒေသကျောင်း ဘုန်းကြီး ဦးဥေယျာဘိဝံသ ပျံလွန်တော်မူသွားပါပြီဘုရား' တဲ့။ နံနက်စောစော နိမိတ်မရှိ၊ နမာမရှိ အမင်္ဂလာစကား ကြားလိုက်ရ၏။ မနေ့က နံနက် ၇ နာရီခန့်က အာဂမဘုန်းကြီးနှင့် စကားပြောခဲ့ရသေးသည်။ ယခု မည်သို့ ဖြစ်သွားပါလိမ့် အံ့သြသွား၏။ နေ့မြင် ညပျောက်ဆိုသော စကားသည် မှန်နေပြီဖြစ်၏။ မနက်ကမြင် ညအိပ်ရာဝင် မိုးမလင်းခင် အာဂမပျောက်သွားပြီ ဖြစ်၏။

မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းဒေသကြီးအထဲက ရေနံချောင်းဆိုသော အပူပိုင်းမြို့တစ်မြို့ဆီသို့ ရောက်သွား၏။ အထူးသဖြင့် ရေနံချောင်းမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ နှောကုန်းကျောင်း ကန်ရွာတို့ ပါဝင်သော ဖိုးကိုးကျေးရွာအုပ်စု၊ ဖိုးကိုးရွာသို့ ရောက်သွား၏။ ဖိုးကိုးရွာ၌ မောင်စံ လှိုင်+မပျားမယ် ဇနီးမောင်နှံတို့ ရှိကြ၏။ ထိုဇနီး မောင်နှံတို့သည် သားထောက်သမီးခံ လေးယောက် ထွန်းပေါက်ခဲ့ကြ၏။ မရင်လှ၊ မောင်ရင်မောင်၊ မောင်ကြည်ဝင်းနှင့် မောင်ကြည်ရှင်တို့ ဖြစ်ကြ၏။ မပျားမယ်၏ ကံသည် အကျိုးပေး မကောင်းဟု ဆိုရမည်။ အသက် ၄၀ အရွယ် ပဥ္စမမြောက် ရင်သွေးငယ် ဖွားအံ့ဆဲဆဲ မီးနေတွင်းမှာပင် ကွယ်လွန်သွားခဲ့ရရှာသည်။

မောင်စံလှိုင်+မပျားမယ်တို့၏ ဒုတိယ သားရတနာသည် မောင်ကြည်ဝင်း ဖြစ်၏။ ကောဇာသက္ကရာဇ် ၁၃၀၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်၏။ မောင်ကြည်ဝင်းသည် ၇ နှစ်သားအရွယ်တွင် လူဝတ်ကြောင်ဘဝမှ သာသနာ့ဘောင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့တော်မှာ 'ရှင်ဥေယျ' ဖြစ်သည်။ တစ်လခန့်နေပြီးနောက် လူဝတ်ကြောင်ဘဝ ပြန်ရောက်ခဲ့သည်။

မောင်ကြည်ဝင်းသည် ၁၄ နှစ်သားအရွယ်သို့ ရောက်သောအခါ သာသနာ့ဘောင်သို့ ဒုတိယအကြိမ် ရောက်ခဲ့ပြန်သည်။ ဤအကြိမ်၌ကား မောင်ကြည်ဝင်းသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ 'အသက်ထက်ဆုံး သာသနာ့ဘောင်မှာ နေတော့မယ်' တဲ့။ ဘွဲ့တော်မှာ ပထမအကြိမ်အတိုင်း 'ရှင်ဥေယျ' ပင် ဖြစ်သည်။

ဦးဥေယျသည် ရေနံချောင်းမြို့၊ စိန်ပန်းကျောင်းတိုက်၌ သီတင်းသုံးသည်။ ရှင်ဥေယျ၏ မယ်တော်၏ အစ်ကိုကြီးအရှင်း ဦးပညာဝံသနှင့် မောင်ငယ်အရှင်း ဦးသောမတို့သည် ကျောင်းထိုင်ဘုန်းကြီးများ ဖြစ်ကြ၏။ ရှင်ဥေယျသည် ဦးကြီးအရှင်း၊ ဦးလေးအရှင်းတို့၏ အရိပ်ကို ခိုလှုံလျက် ပရိယတ္တိ စာပေများကို သင်ယူခဲ့၏။ ရှင်ဥေယျသည် ၁၇ နှစ် အရွယ် ပထမတန်း၊ ၁၈ နှစ်တွင် ပထမလတ်တန်း၊ ၁၉ နှစ်တွင် ပထမကြီးတန်း၊ ၂၀ နှစ်အရွယ်တွင် ဓမ္မာစရိယတန်း အဋ္ဌသာလိနီကျမ်း၊ ပါရာဇိကဏ်ကျမ်း နှစ်ကျမ်းတို့ကို အောင်မြင်ခဲ့သည်။

ရှင်ဥေယျသည် ၂၀ နှစ်အရွယ် ကောဇာသက္ကရာဇ် ၁၃၂၈ ခုနှစ်၊ ဝါဆိုလတွင် ခမည်းတော် ဦးစံလှိုင်နှင့် အစ်မတော် ဒေါ်ခင်တုတ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရေနံချောင်းမြို့၊ စိန်ပန်းကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ခဲ့ပါသည်။

ဦးဥေယျသည် ရဟန်းဖြစ်ပြီးနောက် ရေနံချောင်းမှ မန္တလေးမြို့သို့ ပြောင်းခဲ့၏။ ကောဇာသက္ကရာဇ် ၁၃၃၀ ပြည့်နှစ်က ဖြစ်၏။ မစိုးရိမ်တိုက် ပိဋကနယူပဒေသကျောင်းတွင် သီတင်းသုံး၍ ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့၏။ ၁၃၃၁ ခုနှစ်တွင် ဓမ္မာစရိယတန်း၌ ကျန်သော သီလက္ခန်ကျမ်းကို အောင်မြင်ခဲ့၏။ ဓမ္မာစရိယဘွဲ့ထူး ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်၏။

ဦးဥေယျသည် ၁၃၃၂ ခုနှစ်တွင် ပရိယတ္တိ သာသနဟိတ စာသင်တန်းနှင့် ၁၃၃၇ ခုနှစ် ပရိယတ္တိသာသနဟိတ စာချတန်းတို့ကို အောင်မြင်ခဲ့၍ 'အဘိဝံသ' ဘွဲ့ကို ရရှိပြီး ဦးဥေယျာဘိဝံသ ဖြစ်ခဲ့၏။

ဦးဥေယျာဘိဝံသသည် ပိဋကနယူပဒေသကျောင်းမှ ဓမ္မနယူပဒေသကျောင်းကို ပြောင်းခဲ့၏။ ထို့နောက် ဓမ္မနယူပဒေသကျောင်းမှ အာဂမနယူပဒေသကျောင်းသို့ ရောက်ခဲ့ပြန်၏။ ထိုအချိန်မှစ၍ 'အာဂမဆရာတော်' ဟု အများက ခေါ်ဝေါ်သမုတ်ကြသည်။

အာဂမနယူပဒေသကျောင်းဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသနှင့် ဆယ်စုနှစ်တစ်ခု လက်တွဲ၍ သာသနာရေးဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း အာဂမဆရာတော်၏ နှလုံးသားအတိမ်အနက်တို့ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း သိမြင်ခဲ့ရပါသည်။

အာဂမဆရာတော်၏ နှလုံးသား၌ ဗုဒ္ဓ၏ တရားတော်တို့သည် ထာဝရကိန်းနေသည်ဟု ရဲရဲတင်းတင်း ဆိုချင်ပါသည်။ အာဂမအရှင် မကြာမကြာ ပြောလေ့ရှိသော စကားသံတို့က သက်သေထူနေပါသည်။ ယခုလည်း အာဂမအရှင်၏ ဓမ္မသံတို့သည် နားပြည့်လျှံအောင် ကြားယောင်လာပြန်ပါသည်။

ဗုဒ္ဓရဲ့ တရားတွေကို ကြည့်လိုက်မယ်ဆိုရင် နှစ်မျိုးတွေ့ရမယ်။ တရားမှန်က တစ်မျိုး၊ တရားစစ်က တစ်မျိုးပေါ့။ တရားမှန်ဆိုတာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ နည်းရမည်။ ဒါက တစ်ခုပေါ့။ တဖြည်းဖြည်းချင်း သမုစ္ဆေဒနဲ့ အမြစ်ပါမကျန် ပြတ်သွားရမယ်။ ဒါက တစ်ခုပေါ့။ အဲဒီ အင်္ဂါနှစ်ခုနဲ့ ပြည့်စုံတဲ့တရားကို တရားမှန်လို့ ခေါ်တယ်။ လူတိုင်း လူတိုင်းရဲ့ နှလုံးသားထဲမှာ တရားမှန်တွေ ကိန်းနေမယ်ဆိုရင် ကပ်သုံးပါးဘေးဆိုတာ မရှိပါဘူး။

တစ်ခါတုန်းက မိထွေးတော်ဂေါတမီကို မြတ်ဗုဒ္ဓက ဆုံးမခဲ့ဖူးတယ်လေ။ ဘယ်လိုလဲဆိုရင် မိထွေးတော်ဂေါတမီ လိုချင်နေတဲ့ လောဘတွေနည်းရင်၊ စိတ်တိုနေတဲ့ ဒေါသတွေနည်းရင်၊ အမှား၊အမှန်မသိတဲ့ မောဟတွေနည်းရင် ငါဘုရားဟောတဲ့တရား မှန်လို့ မှတ်ပါ။ လောဘတွေ ကြီးနေမယ်၊ ဒေါသတွေ ကြီးနေမယ်၊ မောဟတွေ ကြီးနေမယ်ဆိုရင်တော့ ငါဘုရားဟောတဲ့ တရားအမှန်မဟုတ်ဘူးလို့ ဗုဒ္ဓက ဟောပြခဲ့ပါတယ်'။




တရားမှန်ကို သေသေချာချာ ခွဲကြည့်လိုက်တဲ့အခါ တရားအတုနှင့် တရားအစစ်လို့ နှစ်မျိုးပေါ်လာမှာပဲ။ စာအုပ်ထဲမှာ ရေးသားထားတဲ့ တရားတွေ၊ မင်ရေးထားတာတွေ၊ ဖိုလ်ရေးထားတာတွေ၊ ရုပ်ရေးထားတာတွေ၊ နာမ်ရေးထားတာတွေဟာ အတုတွေပဲပေါ့။

တရားအစစ်ဆိုတာက လက္ခဏာရေးသုံးပါး ထင်ရမယ်။ ဒါကို လက္ခဏာရေးသုံးပါးထင် တရားအစစ်မြင်လို့ ပြောတာပေါ့။ လက္ခဏာရေးသုံးပါးစစ်စစ်ဆိုတာ ဖြစ်ပျက်စစ်စစ်ကို ပြောတာပဲ။ ဖြစ်ပျက်စစ်စစ်ဆိုတော့ ရုပ်နာမ်စစ်စစ်ကို ပြောတာပေါ့။ ကိုယ်တွေ့ဆိုရင်တော့ ပေါ်သိစစ်စစ်ပေါ့။

ကိုယ့်ရဲ့ ခန္ဓာကိုယ်ကြီးမှာ ဖြစ်ပျက်ကို မှတ်ရင်းမှတ်ရင်းနဲ့ ရပ်သွားတာဟာ နိဗ္ဗာန်တရားစစ်စစ်ပဲလေ။

အာဂမဆရာတော်၏ တရားအသံတို့သည် ရပ်သွား၏။ လင်းကြက်တွန်သံတို့ကား ကြားမြဲကြားနေရ၏။ အာဂမအရှင်ကား နိုးထမလာတော့ပေ။ နှုတ်မဆက်ဘဲ ရုတ်တရက် လမ်းခွဲသွားပြီ ဖြစ်၏။ လည်နေသော ၃၁ ဘုံကို ကျော်၍ နိဗ္ဗာန်ခွင် ဝင်နိုင်စေသားဟူ၍သာ ညည်းတွားလိုက်မိပါ၏။

**သီဃံ သိဇ္ဈတု သက်ပွါ**
**အရှင်ပညိန္ဒ(မန္တလေး)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်



**မြို့သစ် မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ (ဓာတ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့က မိုးရာသီကာလခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် စာသင်ကျောင်းများ၊ ဈေးနှင့်လူနေအိမ်များရှိ ခြင်ခိုအောင်းနိုင်သောနေရာများ၊ ရေဝင်ကျန်နိုင်သော ဘူး၊ ခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတိုင်ကီ၊ ကျောက်စည်ပိုင်း၊ အုတ်ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**



## Football For School Program
## အစီအစဉ်ဖြင့် ဘောလုံးသင်တန်းဆင်းပွဲ ကျင်းပ

**ကလော မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ Football For School Program အစီအစဉ်ဖြင့် ဘောလုံးသင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာနန္ဒာလှမြင့်က ဘောလုံးသင်တန်းဆင်းပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကာ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ အားကစားဘောလုံးသင်တန်းတွင် ကလောမြို့နယ်ရှိ အခြေခံပညာကျောင်း(၁၃)ကျောင်းမှ သင်တန်းသား ၃၀၃ ဦးတို့ကို ၂၀၂၆ ခုနှစ် မေ ၄ ရက်မှ ၂၂ ရက်အထိ သက်ဆိုင်ရာ ကျောင်းများတွင် အားကစားနည်းပြဆရာများက သင်ကြားပေးခဲ့ကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ
## လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**ညောင်ဦး မေ ၂၉**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှလှူဒါန်း၍ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သော ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်းခြင်းကို မေ ၂၈ ရက် နံနက် ၁၁ နာရီက ရွှေစည်းခုံစေတီတော်၊ ချူအင်လိုင်းတန်ဆောင်းတွင် လှူဒါန်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ရုံး၊ ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhang Jun Peng က ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ဂုဏ်ပြုဝမ်းမြောက်ကြောင်း ပြောကြားသည်။ ဆက်လက်၍ တရုတ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း အတွင်းရေးမှူးချုပ် Mr.Wang He Ming က ယခင်လှူဒါန်းခဲ့သော ဆိုလာမီးတိုင်အစုံ(၃၀၀)၊ ပြင်ဦးလွင်အတွက် အစုံ ၅၀၊ မိတ္ထီလာအတွက် အစုံ



၁၀၀၊ ညောင်ဦးအတွက် အစုံ ၁၅၀ လှူဒါန်းမှုတို့အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးကောင်စစ်ဝန်ချုပ်ရုံး ဒုတိယကောင်စစ်ဝန်ချုပ်က ဆိုလာမီးနှင့် ဆိုလာမီးတိုင်များ လွှဲပြောင်းစာရွက်စာတမ်းများကို ရွှေစည်းခုံ ဘုရားတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်အား လွှဲပြောင်းပေးအပ်ပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)



## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး
## စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စစ်ဆေးပေးလျက်ရှိပြီး မေ ၂၇ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

## ဟိုပင်မြို့ တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဖြင့်
## ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဟိုပင် မေ ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့ တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို မေ ၂၈ ရက် နံနက် ၉နာရီက ကြာကြီးကွင်းကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဟိုပင်မြို့ တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ညိုညိုသင်းနှင့် ဆရာမများက ကျေးရွာနေပြည်သူများအား လေငန်းလေဖြတ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးသိကောင်းစရာများကို ဟောပြောခြင်း၊ ကျေးရွာပြည်သူများအား သွေးတိုး၊ ဒူးနာ၊ ခါးနာ၊ အကြောတက်၊ ကိုက်ခဲ၊ အဆစ်ရောင်၊ လေးဘက်နာ၊ ထုံနာကျဉ်နာရောဂါများကို အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

လင်းသွယ်ဦး(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## ကျောင်းတော်ကြီးက ကြိုနေသည်

* ကျောင်းနေအရွယ် ကလေးငယ်
ကိုကို, မမ ပါလို့ရယ်
ကျောင်းကိုသွားမယ် စာသင်ဖို့
ပညာရည်နို့ တို့သောက်စို့။

* ကျောင်းတော်ကြီးက ခေါင်းလောင်းသံ
နားဝင်ပီသ ချိုမြိန်ဟန်
ကျောင်းတော်အရိပ် ကြီးမားစွ
ဆရာ,ဆရာမ ဆီးကြိုကြ။

* ယဉ်ကျေးလိမ္မာ ချိုသာရာ
သားသား, မီးမီး ပျော့ပြောင်းစွာ
ညင်သာကိုယ်နှုတ် ပီသစို့
ခြေခံကောင်းလည်း ရကြဖို့။

* ဝိဇ္ဇာ, သိပ္ပံ အတတ်စုံညီ
သုတဗဟု သက်မွေးပီ
တို့များအရွယ် စာသင်မှ
လူလုံးလှလို့ ရှေ့ဆက်ကြ။

* အခုလူငယ် နောင်လူကြီး
တို့တိုင်းပြည်ရဲ့ စွမ်းအားမီး
အနာဂတ်ရဲ့ ခေါင်းဆောင်တွေ
စွမ်းအားမသွေ ဖွံ့မယ်လား
ကျောင်းတော်ကြီးက အခြေခံပွား။ ။

ရွှေချမ်း–မန်း



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံး အခြေချ လုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကိုအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်လူနေ အဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ တို့ကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်း ဖြစ်ကြောင်း သိရသည်။

> ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။




ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံသုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၅ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





> ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်း လိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## နွေနှမ်းအထွက်တိုးစံပြကွက် ကွင်းသရုပ်ပြပွဲ ကျင်းပ



**မြို့သစ် မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် နွေနှမ်းအထွက်တိုး စံပြကွက် ကွင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက လဲလူကျေးရွာအုပ်စု၊ လဲလူကျေးရွာရှိ တောင်သူ ဦးသန်းထွန်းအောင်၏ နွေနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ ကျင်းပခဲ့ရာ မြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ကွင်းသရုပ်ပြ ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှူး ဦးညဏ်မြင့်ဦးက တက်ရောက်လာသည့် တောင်သူများအား နွေနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးချိန်မှန်ကန်ခြင်း၊ စိုက်ခင်းအတွင်း စနစ်တကျရေပေးသွင်းခြင်းနှင့် စိုက်နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ခြင်းများကြောင့် ယခုလိုအောင်မြင်ဖြစ်ထွန်းသည့် နွေနှမ်းပန်းတိုင်အထွက်နှုန်းရရှိခြင်းဖြစ်ကြောင်း ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံသီးညှပ်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံ သီးညှပ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို မေ ၂၈ ရက် နံနက် ၇ နာရီက အင်းကောင်းကျေးရွာ၊ ကွင်းအမှတ်(၂၉၄) တောင်သူ ဦးတိုက်အောင်၏ ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး၊ ကျွန်းလှမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သီးညှပ်စိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်ရေး လိုက်နာရမည့်အချက်များ၊ ဓာတ်မြေဩဇာလျှော့ချသုံးစွဲရေး နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် တာဝန်ရှိသူတို့က အစေ့ထုတ်ပြောင်း၊ ပဲစင်းငုံ မျိုးစေ့များပေးအပ်၍ လက်တွေ့ စိုက်ပျိုးနေခြင်းကို ကြည့်ရှုပြီး မြို့နယ်အတွင်း မိုးသီးနှံစိုက်ပျိုးမှုအခြေအနေအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မဟာအောင်မြေမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ရပ်ကွက်အတွင်းရှိ နေအိမ်များနှင့် စာသင်ကျောင်းများသို့ (Abate) ပိုးလောက်လမ်းသေဆေးခတ်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြောက်ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် ချမ်းမြသာစည်မြောက်ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများ၏ နေအိမ်များနှင့် အခြေခံပညာကျောင်းများသို့ တစ်အိမ်တက်ဆင်း သွားရောက်ခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဓိကကျသည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို လက်တွေ့သရုပ်ပြ စည်းရုံးလှုံ့ဆော်ခြင်း၊ ရေလှောင်ကန်များနှင့် ရေတင်ကျန်နိုင်သော နေရာများတွင် ခြင်လောက်လမ်းသေဆေး (Abate) ဆေးခတ်ပေးခြင်းနှင့် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mya Thida Win 8811” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မြသီတာဝင်း(ခ)ရှမ်းမအား ည ၆ နာရီ ၂၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




## မစ်ဆူဘီရှီ မော်တာကုမ္ပဏီနှင့် နစ်ဆန်း မော်တာကုမ္ပဏီ အမိုးဖွင့်ပစ်ကပ်ကား တစ်မျိုး ပူးပေါင်းထုတ်လုပ်သွားမည်

တိုကျို မေ ၂၉

မစ်ဆူဘီရှီ မော်တာကုမ္ပဏီသည် မြောက်အမေရိကဒေသတွင် နစ်ဆန်း မော်တာကုမ္ပဏီနှင့် ပူးပေါင်း၍ အမိုးဖွင့်ပစ်ကပ်ကား ထုတ်လုပ်ရေးစီမံကိန်းကို လုပ်ဆောင်သွားမည်ဟု မေ ၂၉ ရက်က ထုတ်ပြန်သည့် ၎င်းတို့၏ ကာလလတ်စီးပွားရေးလုပ်ငန်း စီမံကိန်းသစ်တွင် ကြေညာထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံတွင်လည်း အဆိုပါကုမ္ပဏီ နှစ်ခုသည် ဓာတ်ဆီ သို့မဟုတ် ဘက်ထရီလျှပ်စစ်ဖြင့် မောင်းနှင်နိုင်သော ကေအီးအိုင် အမျိုးအစား ကားငယ်များကို ပူးပေါင်းတီထွင်ထုတ်လုပ်သွားမည်ဟု ဆိုသည်။

မစ်ဆူဘီရှီကုမ္ပဏီသည် ၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ ရာခိုင်နှုန်း ၄ ဒသမ ၅ နှင့် ရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်လည်ရရှိမည့်အကျိုးအမြတ် ၁၀ ရာခိုင်နှုန်း အပေါ် အခြေခံကာ လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ ယန်း ၁၆၀ ဘီလီယံ ရရှိစေရန်အတွက် ယန်း တစ်ထရီလီယံခန့် ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားကြောင်း သိရသည်။ **Mon**

## တရုတ်နှင့် ဗြိတိန် ပူးပေါင်းဆောင်ရွက်ရန် အလားအလာများ နှစ်ဘက် စီးပွားဆက်ဆံရေး ပိုမိုနက်ရှိုင်းလာမှုကို ပြသနေ

လန်ဒန် မေ ၂၉

တရုတ်နှင့် ဗြိတိန်နှစ်နိုင်ငံ အကြား ဉာဏ်ရည်တုနည်းပညာ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အားကစားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ကြီးမားသော အလားအလာများ ရှိနေဆဲဖြစ်ပြီး ဗြိတိန်နိုင်ငံ၏ အဓိက ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေး ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာမှုကို ပြသနေကြောင်း တရုတ်-ဗြိတိန် စီးပွားရေးကောင်စီ၏ အမှုဆောင် အရာရှိချုပ် ပီတာဘာနက်က ပြောကြားခဲ့သည်။



ဗြိတိန်ဝန်ကြီးချုပ် ကီယာ စတားမား၏ ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သော တရားဝင်ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ ပိုမိုအားကောင်းလာခဲ့ကြောင်း သီးသန့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဘာနက်က ပြောကြားသည်။

ဗြိတိန်အစိုးရတာဝန်ရှိသူများ၏ တရုတ်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်များကို တွေ့မြင်ခဲ့ရပြီးဖြစ်သလို နောက်ထပ်လည်း တွေ့မြင်ရဦးမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောထားကွဲလွဲမှုများကို ဖြေရှင်းပေးနိုင်ရုံသာမက မိမိတို့အနေဖြင့် တရုတ်နိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်သင့်ပြီး တရုတ်ကုမ္ပဏီများအနေဖြင့်လည်း ဗြိတိန်နိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်သင့်သည်ဟူသော ခိုင်မာသည့်သတင်းစကားကို စီးပွားရေးအသိုက်အဝန်းထံသို့ ပေးပို့ရာလည်းရောက်သည်ဟု ဘာနက်က ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**

## အမေရိကန်-အီရန်ပဋိပက္ခ အဆုံးသတ်ရန် အလားအလာကောင်း၊ အာရှစတော့ဈေး မြင့်တက်ကာ ရေနံဈေးနှုန်း ပြန်လည်ကျဆင်း

ဝါရှင်တန် မေ ၂၉

အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့သည် ကမ္ဘာ့စွမ်းအင်ထောက်ပံ့မှုများကို အဟန့်အတားဖြစ်စေခဲ့သော ၎င်းတို့၏ ပဋိပက္ခကို အဆုံးသတ်ရန် သဘောတူညီချက်တစ်ခု ရရှိလိမ့်မည်ဟူသော အကောင်းမြင်မှုများကြောင့် မေ ၂၉ ရက်တွင် အာရှစတော့ဈေးကွက်များ မြင့်တက်ခဲ့ပြီး ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းသွားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အရေးပါသော ဟော်မုဇ် ရေလက်ကြားမှတစ်ဆင့် ပုံမှန်ရေကြောင်းကုန်သွယ်မှုများကို ပြန်လည်စတင်နိုင်ခြေရှိမည့် ဝါရှင်တန်နှင့် တီဟီရန်တို့အကြား တိုးတက်မှုရှိသော သဘောတူညီချက် တစ်ခုရရှိရန် အခွင့်အလမ်းများကို ရင်းနှီးမြှုပ်နှံသူများက သုံးသပ်နေကြသဖြင့် ယခုသီတင်းပတ်အတွင်း ရေနံဈေးကွက်မှာ အတက်အကျ ပြင်းထန်ခဲ့သည်။

မေ ၂၈ ရက် ညနေပိုင်းတွင် ညှိနှိုင်းဆွေးနွေးသူများသည် ၎င်းတို့၏ မခိုင်မြဲသော အပစ်အခတ်ရပ်စဲရေးကို ရက်ပေါင်း ၆၀ သက်တမ်းတိုးရန် သဘောတူညီချက် တစ်ခုရရှိလုနီးပါးဖြစ်ခဲ့သော်လည်း သမ္မတ ဒေါနယ်လ်ထရမ့်၏ အတည်ပြုချက် လိုအပ်နေသေးကြောင်း သိရသည်။ **Mon**

**STOP AIDS**

## ဘလူးအိုရီဂျင်ကုမ္ပဏီ၏ နယူးဂလင်းဟု အမည်ရသည့် ဒုံးပျံ ဖလော်ရီဒါပြည်နယ်၌ စမ်းသပ်မှုပြုလုပ်နေစဉ် ပေါက်ကွဲသွား

ဝါရှင်တန် မေ ၂၉

ဘလူးအိုရီဂျင်ကုမ္ပဏီ၏ နယူးဂလင်းဟု အမည်ရသည့် ဒုံးပျံသည် ယမန်နေ့က အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ပစ်လွှတ်စင်ပေါ်တွင် စမ်းသပ်မှုပြုလုပ်နေစဉ် ပေါက်ကွဲသွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့ ညနေပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါမတော်တဆမှုသည် အီလွန်မတ်စ်၏ စပေ့စ်အိပ်စ်ကုမ္ပဏီနှင့် ကွာဟချက်ကို ကျဉ်းမြောင်းရန် ကြိုးပမ်းနေသည့် ဂျက်ဖ်ဘီဇော့စ်၏ အာကာသလုပ်ငန်းအတွက် နောက်ဆုံးပေါ် ကြုံတွေ့ရသည့် အခက်အခဲ တစ်ခုဖြစ်သည်။

အခင်းဖြစ်ပွားရာ ရုပ်သံမှတ်တမ်းများတွင် ဒုံးပျံအောက်ခြေမှ မီးခိုးများ ထွက်ပေါ်လာပြီးနောက် ကောင်းကင်ယံသို့ မြင့်တက်သွားသည့် ကြီးမားသော မီးလုံးကြီးအဖြစ်သို့ ပြောင်းလဲပေါက်ကွဲသွားသည်ကို တွေ့ရပြီး မီးတောက်များနှင့် မီးခိုးလုံးကြီးများ လေထုထဲသို့ မြင့်မားစွာ လွင့်ပျံသွားခဲ့သည်။

အခင်းဖြစ်ပွားပြီး တစ်နာရီကျော်ကြာသည့် တိုင်အောင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များမှာ ထိုနေရာ၌ ဆက်လက်ရှိနေသော်လည်း အဆိပ်ငွေ့ သို့မဟုတ် အခြားသော အန္တရာယ်ဖြစ်နိုင်ခြေများမရှိဟု တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀



## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အီဘိုလာကူးစက်မှုအန္တရာယ်ကြောင့် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က ခရီးသွားလာမှုဆိုင်ရာအစီအမံများကြေညာ

အော့တဝါ မေ ၂၉

အမေရိကန်၊ မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့သည် အီဘိုလာဗိုင်းရပ်စ်ဖြစ်ပွားမှု အန္တရာယ်မြင့်မားသည့် အာဖရိကဒေသများမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများအတွက် ညှိနှိုင်းထားသည့် အများပြည်သူ ကျန်းမာရေးဆိုင်ရာ ခရီးသွားလာမှုအစီအမံများကို မေ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာဌာနက ထုတ်ပြန်သည့် ပူးတွဲကြေညာချက်အရ အဆိုပါဆောင်ရွက်မှုသည် နိုင်ငံသားများအပြင် လာမည့် ၂၀၂၆ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ လာရောက်မည့် သန်းနှင့်ချီသည့်ခရီးသွားများ၊ ဧည့်သည်များနှင့် ပရိသတ်များကို ကာကွယ်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ အစီအမံများသည် ၎င်းတို့၏နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုများနှင့် ကူးသန်းရောင်းဝယ်ရေးကို ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း မြောက်အမေရိက သုံးနိုင်ငံက ပြောသည်။ ဒေသတွင်း လူတစ်ဦးတစ်ယောက်ချင်းစီ၏ လုံခြုံရေးနှင့်ကျန်းမာရေးသည် ကျွန်ုပ်တို့၏ ဦးစားပေးအချက်ဖြစ်ကြောင်း သုံးနိုင်ငံ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယူဂန်ဒါနှင့် တောင်ဆူဒန်တို့မှ ဒေသခံများ ရက်ပေါင်း ၂၁ အတွင်း ကနေဒါနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းကို ကနေဒါနိုင်ငံက ပိတ်ပင်ထားသည်။ အဆိုပါတားမြစ်ချက်မှာ မေ ၂၇ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါနိုင်ငံမှ ရောက်ရှိလာသူများကိုလည်း ရက်ပေါင်း ၂၁ ရက်ကြာ သီးခြားခွဲထားခွင့်ကို တောင်းဆိုထားသည်။ ဖီဖာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့က ဇွန် ၁၁ ရက်မှစတင်ကာ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်သည်။ **ဆင်ဟွာ**



❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် မေ ၂၉

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည့်အပြင် "နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ယင်းတာဝန်များကို

စာမျက်နှာ ၁၀ သို့ ❁



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

## အာဆီယံ ယူ-၁၉ ချန်ပီယံရှစ် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အမျိုးသားအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၉

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ (AFF U-19 Championship) သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အမျိုးသားဘောလုံးအသင်းသည် နည်းပြချုပ် Mr. Ryuji Sueoka ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် မြန်မာ ယူ-၁၉ အမျိုးသားအသင်းကို ကစားသမား(၂၃)ဦးဖြင့် အပြီးသတ်စုဖွဲ့ထားပြီး အုပ်စု(က)တွင် အိမ်ရှင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမောအသင်းတို့နှင့်အတူ ကျရောက်နေသည်။

မြန်မာ ယူ-၁၉ အမျိုးသားအသင်းအနေဖြင့် အုပ်စုတွင်း ပွဲစဉ်များအဖြစ် ဇွန် ၁ ရက် (တနင်္လာနေ့) မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်တွင် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် လည်းကောင်း၊ ဇွန် ၄ ရက် (ကြာသပတေးနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီ ၃၀ မိနစ်တွင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း၊ ဇွန် ၇ ရက် (တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်တွင် တီမောအသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**






## MFF Royal-D U15 Youth League 2026 (Yangon Zone) ပြိုင်ပွဲအတွက် ပွဲစဉ်မဲနှိုက်ခြင်းနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် "MFF Royal-D U15 Youth League 2026 (Yangon Zone)" လူငယ်ဘောလုံးပြိုင်ပွဲကြီးအတွက် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် ပြိုင်ပွဲညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက သုဝဏ္ဏဘောလုံးကွင်းရှိ ပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးရဲဝင်းထွန်းနှင့်အတူ ပြိုင်ပွဲဝင်မည့် ကလပ်အသင်းများမှ အသင်းမန်နေဂျာ (သို့မဟုတ်) အသင်းနည်းပြချုပ်နှင့် အသင်းတာဝန်ရှိသူ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြိုင်ပွဲအဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် အခြေအနေအရပ်ရပ်ကို ရှင်းနီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး၊ ပြိုင်ပွဲဝင်အသင်းများအတွက် စိတ်လှုပ်ရှားဖွယ်ရာ ပွဲစဉ်မဲနှိုက်ခြင်းများကိုပါ တစ်ပါတည်း စနစ်တကျ ရေးဆွဲခဲ့ကြသည်။

"MFF Royal-D U15 Youth League 2026 (Yangon Zone)" ပြိုင်ပွဲကြီးကို ၂၀၂၆ ခုနှစ်၊ ဇွန် ၁၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**

0-0-0-0-0

0-0-0

ယနေ့ ဖတ်စရာ အညွှန်း

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းများထဲတွင် တန်ဖိုးအမြင့်ဆုံးအသင်းအဖြစ် ပြင်သစ်အသင်းရပ်တည် စာမျက်နှာ ၁၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နီးကပ်လာပြီဖြစ်သည့်အတွက် အီဘိုလာကူးစက်မှုအန္တရာယ်ကြောင့် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က ခရီးသွားလာမှုဆိုင်ရာ အစီအမံများကြေညာ စာမျက်နှာ ၁၇